မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၀)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၄ နာရီတွင် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆို နှုတ်ဆက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည် ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၉ ရက်)

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံကြီးကို တည်ဆောက်ရာတွင် နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကို တည်ဆောက်ပေးထားသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးအဆင့် မြင့်မားတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိက လိုအပ်ချက်ပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိသည်။

ကျေးလက်ပြည်သူများ စာပေဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားရေးအတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မရှိသေးသော ဒေသများ၌ စာကြည့်တိုက်များ ထူထောင်ပေးလျက်ရှိသည်။ ယင်းသို့ ကျေးလက်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးခဲ့ရာတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ငလပွေ့ကျေးရွာနှင့် ရမ်းဗြဲမြို့နယ် လက်ပန်အဝကျေးရွာများ၌လည်း စာကြည့်တိုက်ပန္နက်စိုက်ထူပွဲများ ကျင်းပနိုင်ခဲ့သည်။

ယခုကဲ့သို့ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု အသိပညာဗဟုသုတ တိုးပွား မြင့်မားမှုအတွက် များစွာအထောက်အကူဖြစ်စေသည်။ မြန်မာနိုင်ငံ၏ လူဦးရေ၇၀ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်ကြရာ ကျေးလက်ဒေသ ပြည်သူများ ပညာဗဟုသုတ တိုးပွားရေးအတွက် ကျေးလက်စာကြည့်တိုက်များက ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်ပညာသည် အထောက်အကူပြု နိုင်ပြီး ခေတ်နှင့်အညီ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတမှတစ်ဆင့် ရှာဖွေဖတ်ရှု လေ့လာမှတ်သားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယနေ့အချိန်အခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဖော်ဆောင်လျက်ရှိရာ၌ ကျေးလက်ပြည်သူများ၏ လူမှုစီးပွား ဘဝ မြင့်မားပြီး ပညာဗဟုသုတများပြည့်ဝ၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရန် ဝိုင်းဝန်းပါဝင် ကူညီဖြည့်ဆည်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၂၀-၃-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
၀၇:၃၅ နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ ပြောပါရစေရှင် (တွင်းနက်နဲ့ ဝဲအလှည့်)
၀၈:၄၀ တေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ကြားနေရသော အသံထွက်အမှားများ)
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (အမှိုက်ရှင်းတာ ရှက်စရာမဟုတ်ပါ)
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (လှပသော ရှက်ပြုံးများဖြင့်)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မင်းအုပ်စိုး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (အကျင့်စာရိတ္တ) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၁၉-၃-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၅)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်မှုန်စိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၃၆)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၁၄ရက်မှ ၁၆ရက်အထိ နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ ပြည်နယ်၊ တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းမှူးများ၊ စီမံကိန်း မန်နေဂျာများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူး များနှင့် မဟာဓာတ်အားလိုင်းမှူးများ တက်ရောက်ကြသည်။

လိုအပ်ချက်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့် အမှာစကားပြောကြားပြီး ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြရာ ဌာန ဆိုင်ရာအကြီးအကဲများနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲ များက လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုနှင့် နှစ်ချုပ်စံပြ ဆုရရှိကြသူ များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလက(၁)လှိုင် (ဂုလမ်းကျောင်း) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၈

အလက(၁)လှိုင် (ဂုလမ်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ အငြိမ်းစားဆရာ ဆရာမကြီးများ၊ ၁၉၈၇ခုနှစ် မေ ၅ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးကြသော ဆရာ ဆရာမများအားလုံးနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည့် အကြိုညှိနှိုင်း အစည်းအဝေးပွဲကို ကျောင်းသား ကျောင်းသူ ဟောင်းများ ဆက်သွယ် တက်ရောက် ကြရန်၊ မဆက်သွယ်ရသေးသော ဆရာ ဆရာမများအားလုံးတို့သည် မတ် ၂၇ရက် နောက်ဆုံးထား၍ ဆရာဦးတိုးဟန် ဖုန်း-၅၁၆၃၉၃နှင့် အလက(၁)လှိုင် ဖုန်း-၅၃၄၇၃၈ တို့သို့ ဆက်သွယ်ကြပါရန်နှင့် အာစရိယပူဇော်ပွဲနှင့်ပတ်သက်၍ ဆက်သွယ် လှူဒါန်းလိုပါက ကိုတင့်နိုင် ဖုန်း-၀၉-၈၀-၂၄၀၈၁၊ ကိုလွင်ဦး ဖုန်း-၅၃၆၀၀၆၊ ကိုအောင်လင်း ဖုန်း-၀၉-၅၁- ၂၆၁၃၅၊ ကိုအောင်မင်း ဖုန်း-၅၀၅၈၀၄ နှင့် မချိုချို မြင့် ဖုန်း-၇၂၃၄၀၄ တို့သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၆ရက် မွန်းလွဲ ၁နာရီက အင်းစိန်မြို့နယ် ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်အတွင်း မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ် အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ခရိုင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ခရိုင်အတွင်း စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက် ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေက ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး၏ ၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းညွှန်ကြားချက်(၁၁)ရပ်၊ စာကြည့် တိုက်များ စံ(၅)ချက်နှင့်အညီ ခိုင်မာ ဆောင်ရွက်ရမည့်လုပ်ငန်းများ အောင်မြင် အောင်ဆောင်ရွက်ရေး၊ လျာထားချက် လုပ်ငန်းတာဝန်များအား ကျေပွန်စွာ ထမ်းဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးကြောင်း သိရသည်။ (ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

19-3 (02).pmd 1 3/19/2009, 3:44 AM

● ရှေ့ဖုံးမှ

ယင်းသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေတို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် စစ်သံမှူး Senior Colonel Gao Tiejun တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde နှင့် အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Totok Prianamto နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Sim Siong Chye တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မတ် ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ စစ်သံမှူး Senior Colonel Gao Tiejun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ယာဉ်ကြောပိတ်ဆို့မှုကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်

မော်တော်ယာဉ် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ယာဉ်မောင်းများ နှလုံးရောဂါ ခံစားရမှု ပိုမိုများလာကြကြောင်း အမေရိကန်မှ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးများက ပြောကြားသည်။

ဦးရေ

ယာဉ်မောင်းသူများနှင့် မော်တော်ယာဉ်ဖြင့် ခရီးသွားသူများကို စနစ်တကျ သုတေသနပြုခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် နှလုံးရောဂါဖြစ်ပွားသူဦးရေသည် ၃၀ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

မော်တော်ယာဉ်ဖြင့် မောင်းနှင်သွားလာချိန်တွင် ယာဉ်ကြောပိတ်ဆို့သည့်အခါ ယာဉ်မောင်းနှင့် ခရီးသွားသူများအနေဖြင့် စိတ်ပိုင်းဆိုင်ရာခံစားမှု ပိုမိုမြင့်တက်လာကြောင်း၊ ထို့အတူ နှလုံးသို့စီးဆင်းသော သွေးကြောများလည်း အရွယ်အစားနှင့် ပုံသဏ္ဌာန်များလည်း ပြောင်းလဲသွားတတ်ကြောင်း သိရသည်။

ထိခိုက်စေ

ယာဉ်ကြောပိတ်ဆို့မှု ဖြစ်နေစဉ် ယာဉ်မောင်းနှင့်ခရီးသည်တို့၏ နှလုံးသွေးများဖြစ်ပေါ်လာကာ နှလုံး၏ လုပ်ငန်းစဉ်များကို ထိခိုက်စေခြင်းကြောင့် ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၈:၀၀ ၆။ အကပဒေသာ
၈:၁၀ ၇။ **သူ့ရွှေးရေလျှောင်တမံ**
၈:၂၀ ၈။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ တေးဂီတအစီအစဉ်
၈:၅၅ ၁၁။ အကပြိုင်ပွဲ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ **စီးဆင်းပါစေမေတ္တာရည်** (မေကဗျာ၊ ဖူးဖူး)(ဒါရိုက်တာ ခင်ဇော်-ကုမုဒြာ)
၅:၂၅ ၉။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၅:၃၅ ၁၀။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ **ပျော်ရွှင်စေသောနေ့ရက်များ ‘ကူလီချစ်’** (အပိုင်း-၂) ဇော်ဇော်အောင်၊ စိုးရန်အောင်၊ တိမ်ညွန့်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၅ ၁၅။ **ထူးစမ်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း**
၇:၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း**(အပိုင်း-၆၁)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(အပိုင်း-၂)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၉)
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ခန်းမဆောင်၌ တွေ့ဆုံ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့သည် ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လွှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် စစ်သံမှူး Senior Colonel Gao Tiejun တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တို့သည် မြန်မာ-တရုတ်နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်း ဖလှယ်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Gao Tiejun တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ် ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် နံနက် ၉နာရီ ၅မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်နှင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေး ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင် အဖြစ်လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်ကလည်း ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတူ ကြိုဆိုနှုတ်ဆက် ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက် ရေး တပ်မတော်စစ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ သွားရောက်ကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ် သတင်း

လန်ဒန်မြို့လူဝင်မှုကြီးကြပ်ရေး တရားရုံးအဆောက်အအုံမီးလောင်

လန်ဒန် မတ် ၁၈

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တရားရုံးအဆောက်အအုံတွင် မတ်၁၈ရက် ဒေသစံတော်ချိန် ညနေ ၅နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ငြိမ်းသွား

မီးလောင်မှုဖြစ်ပွားရာအရပ်တွင် မီးသတ်ယာဉ် ၁၂ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဝန်ထမ်းများ တစ်စုံတစ်ရာထိခိုက်ခြင်း မရှိခဲ့ကြောင်းသိရသည်။

အဆိုပါအဆောက်အအုံမှာ သမိုင်းဝင် အဆောက်အအုံဖြစ်ပြီး မီးလောင်မှုကြောင့် အဆောက်အအုံအစိတ်အပိုင်းအချို့ ပျက်စီးသွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနို ဂျကာတာမြို့ အီစတာနာမာဒေးကား သမ္မတနန်းတော်ရှိ Negara ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျကာတာမြို့ အီစတာနာမာဒေးကားသမ္မတနန်းတော်ရှိ Negara ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား

အင်ဒိုနီးရှားနိုင်ငံ သမ္မတက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက မတ် ၁၆ရက် ညပိုင်းတွင် ဂျကာတာမြို့ရှိ အီစတာနာမာဒေးကားနန်းတော်ရှိ Negara ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဉာဏ်လင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အင်ဒိုနီးရှားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်စဉ်တို့တွင် အင်ဒိုနီးရှား ခေတ်ပေါ်တေးဂီတအဖွဲ့က ခေတ်ပေါ်တေးသီချင်းများနှင့် မြန်မာတေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

တိုးမြှင့်ဆောင်ရွက်

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှုရှိသော နိုင်ငံများဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးမှုနှင့် နှစ်နိုင်ငံဆွေးနွေးပွဲများမှရရှိသည့် အကြံဉာဏ်များကို ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံအကြားတွင် လုံခြုံရေး၊ ဥပဒေရေးရာနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထောက်ခံ

မြန်မာနိုင်ငံမှ ဒီမိုကရေစီအတွက် ချမှတ်ထားသော လမ်းပြမြေပုံကိုထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏အနာဂတ်ကို မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုအားဖြင့် တည်ဆောက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းကို ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းကို တီးမှုတ်သည်။

အထူးကျေးဇူးတင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုကဲ့သို့ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား ဖိတ်ကြားခဲ့ပြီး ခမ်းနားသော ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

အင်ဒိုနီးရှားသမ္မတနိုင်ငံက ဤသို့ နွေးထွေးပျူငှာလိုက်လှဲစွာ ကြိုဆိုမှုကို ပြသခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများသည် နှစ်နိုင်ငံအကြား ဆယ်စုနှစ်များစွာကတည်းက တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းနေပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များ အမြော်အမြင်ကြီးစွာ ထိန်းသိမ်းမြှင့်တင်လာခဲ့သည့် နှစ်နိုင်ငံရင်းနှီးမှုများကို ဆတက်ထမ်းပိုး တိုးမြှင့်သွားရမှာဖြစ်ပါကြောင်း။

မကြာမီကာလအတွင်းတွင် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံအစီအစဉ်များအရသာမကဘဲ ဒေသတွင်းနှင့် နိုင်ငံတကာတွင်လည်း တိုးမြှင့်လာခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အရှိန်မြှင့်တင်

နှစ်နိုင်ငံကုန်သွယ်မှုများ တိုးတက်လျက်ရှိသော်လည်း ဆက်လက်အရှိန်အဟုန်မြှင့်နိုင်ရန် လိုသေးပါကြောင်း၊ ယနေ့ မိမိတို့ ဆွေးနွေးချက်များသည် မြန်မာ-အင်ဒိုနီးရှားပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုကို အရှိန်မြှင့်တင်ပေးမည့် အင်အားများ ဖြစ်စေလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၅ သို့

● *ကျောဖုံးမှ*

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ချစ်ကြည်ရေးခရီးစဉ်၏ အစဖြစ်သော အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ရန် မတ် ၁၆ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၀မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာအကြီးအကဲ Mr. Ambrlutfi Rauf တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်ပေါ်မှဆင်းသက်လာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. N. Hassan Wirajuda က ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုပန်းကုံး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား အင်ဒိုနီးရှားကျောင်းသူလေး တစ်ဦးက ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mohammad Nuh ၊ ဂျကာတာမြို့ အုပ်ချုပ်ရေးမှူး Hon: Dr. Ing Fauzi Bowo နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဉာဏ်လင်းနှင့် ဇနီး ဒေါ်ခင်မာနွယ်၊ စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်နှင့် ဇနီးဒေါ်ခင်ဦးမေ၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး လိုက်ပါလျက် ဂျကာတာမြို့ရှိ Kalibata National Heroes Cemetery သို့ ရောက်ရှိကြရာ ဂျကာတာ ဒုတိယစစ်ဒေသမှူး Brig-General Avianto Saptono နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အလေးပြု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် National Heroes Cemetery ၌ ပန်းခွေချ၍ အလေးပြုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သူရဲကောင်းများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကာ ခေတ္တတည်းခိုမည့် ဂျကာတာမြို့ရှိ Hotel Borobudur ဟိုတယ်သို့ ရောက်ရှိသည်။

ခရီးဦးကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးလိုက်ပါလျက် ဂျကာတာမြို့ရှိ အီစတာနာမာဒေးကား သမ္မတနန်းတော်၌ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲသို့တက်ရောက်ရန် ညနေ ၃နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့် Hotel Borobudur မှ အီစတာနာမာဒေးကား သမ္မတနန်းတော်သို့ရောက်ရှိကြရာ ခေတ္တသမ္မတ အိမ်တော်ဝန် Mr.Winata Supriatna က ခရီးဦးကြိုဆို နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက လှိုက်လှဲခင်မင်စွာကြိုဆို နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို အီစတာနာနန်းတော်ရှေ့၌ ကျင်းပသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အီစတာနာမာဒေးကား သမ္မတနန်းတော်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ အီစတာနာမာဒေးကား သမ္မတနန်းတော်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ National Heroes Cemetery ၌ ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသီချင်းတို့ကို တီးမှုတ်၍လည်းကောင်း၊ အမြောက် ၁၉ချက် ပစ်ဖောက်၍လည်းကောင်း ဂုဏ်ပြုသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုရိုနိုအား ၎င်းနှင့်အတူ လိုက်ပါလာသော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကလည်း နိုင်ငံတော်ဝန်ကြီးချုပ်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော ဝန်ကြီးများ၊ တပ်မတော်အရာရှိများ၊ ရဲအရာရှိများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

မှတ်တမ်းတင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတ နိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုတို့သည် အီစတာနာမာဒေးကား သမ္မတနန်းတော်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

19-3 (06).pmd 1 3/19/2009, 3:44 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၆ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ ဒုတိယသမ္မတရုံးသို့ သွားရောက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူစွပ်ကာလာအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် အတူ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. N. Hassan Wirajuda၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E. Mr. Mohammad Nuh၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင်ပြုလုပ်မည့် အဆွေတော်တို့၏ ရွေးကောက်ပွဲအောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြန်လည်ပြောကြားပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံ နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူစွပ်ကာလာအား အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့ရှိ ဒုတိယသမ္မတရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူစွပ်ကာလာအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ ဒုတိယသမ္မတရုံး၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယနေ့ မိမိတို့ရောက်ရှိလာသည့် အင်ဒိုနီးရှားနိုင်ငံ ခရီးစဉ်သည် အချိန်အားဖြင့် တိုတောင်းသော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ကိုယ်တွေ့မျက်မြင်တွေ့ရှိခဲ့ရသည့်အပြင် အဆွေတော်နှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုများ ထူထောင်နိုင်ခဲ့ကာ မြန်မာနိုင်ငံ ဖြစ်ပေါ်တိုးတက်မှုများကို မိတ်ဆွေကောင်း ပီသစွာ အသိပေးနိုင်ခဲ့ပြီး အပြန်အလှန်နားလည်မှု တိုးမြှင့်နိုင်ခဲ့ခြင်းတို့ကြောင့် အကျိုးရှိသော ခရီးစဉ်တစ်ခုဖြစ်ခဲ့ပါကြောင်း။

ဤကဲ့သို့ သာယာလှပသည့် အင်ဒိုနီးရှားနိုင်ငံကို ရောက်ရှိခိုက်တွင် မိမိအနေဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ စည်ပင်ဝပြောရေးနှင့် ပြည်သူများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆုမွန်တောင်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့ဝင်များသည် သမ္မတနန်းတော် ယဉ်ကျေးမှုဆောင်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ကပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျော်ဖြေကြသော အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် အင်ဒိုနီးရှား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ ဟာလင်ပါဒါနာကူဆူမာလေဆိပ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. N. Hassan Wirajuda က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မြန်မာနှင့် အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးညှိနှိုင်း

နေပြည်တော် မတ် ၁၈

နိုင်ငံတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(KADIN) တို့မှ စီးပွားရေးလုပ်ငန်းရှင်များ၏ နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေး ဆွေးနွေးညှိနှိုင်းပွဲကို မတ် ၁၆ရက် မွန်းလွဲ ၁နာရီခွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ KADIN ရုံး၌ ကျင်းပသည်။

တက်ရောက်

ယင်းဆွေးနွေး ညှိနှိုင်းပွဲသို့ UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာ စီးပွားရေးလုပ်ငန်းရှင် ၁၁ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ KADIN မှ CLMV ဥက္ကဋ္ဌ Mr.Juan Gondo Kusumo နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်းပွဲတွင် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏ တိုးမြှင့်လာရေး၊ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းလုပ်ကိုင်ကြရေး၊ လယ်ယာထွက်ကုန်သီးနှံ၊ အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်သူအချင်းချင်း တစ်ဦးချင်းတွေ့ဆုံ၍ ရောင်းဝယ်ဖောက်ကားကြရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

အင်ဒိုနီးရှားသမ္မတနိုင်ငံ KADIN ၏ CLMV ကော်မတီ မြန်မာတာဝန်ခံ Mr.Thomas Hartomo က ၂၀၀၉ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ အင်ဒိုနီးရှား- မြန်မာ သံတမန်ဆက်သွယ်မှု နှစ်(၆၀)ပြည့် အခမ်းအနားကျင်းပရန်နှင့် ယင်းအခမ်းအနားနှင့် ဆက်နွယ်၍ အင်ဒိုနီးရှားကုမ္ပဏီ ၃၀နှင့် မြန်မာကုမ္ပဏီ ၃၀ တို့ ပူးပေါင်း၍ ကုန်စည်ပြပွဲပြုလုပ်ရန် ညှိနှိုင်းနေကြောင်း၊ အဆိုပါကုန်စည်ပြပွဲတွင် KADIN က ဦးဆောင်၍ CCI အချင်းချင်း နှစ်ဖက်သဘောတူညီချက် (MoU) လက်မှတ်ရေးထိုးမှုများ ပြုကြမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယခု ဆွေးနွေးညှိနှိုင်းပွဲတွင်လည်း မြန်မာနှင့် အင်ဒိုနီးရှားလုပ်ငန်းရှင်အချင်းချင်း ရောင်းဝယ်ဖောက်ကားလိုသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ထောက်ခံ

အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနို

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်(၇)ရပ်အနက် စတုတ္ထမြောက်အဆင့်ကို ပြီးစီးအကောင်အထည်ဖော်နိုင်ခဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၆ ရက် ညနေ ၃နာရီ ၃၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အီစတာနာမာဒေးကားသမ္မတနန်းတော်သို့ သွားရောက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုအား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဉာဏ်လင်းတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့်အတူ နိုင်ငံတော်အတွင်းရေးမှူး H.E. Mr.M.Hatta Rajasa၊ အစိုးရအဖွဲ့ အတွင်းရေးမှူး H.E. Mr.Sudi Silalahi၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.N. Hassan Wirajuda၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E. Mr.Mohammad Nuh နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Sabastianus Sumarsono တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက ပဏာမနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ပိုမိုတိုးတက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲပျူငှာစွာ ကြိုဆိုမှုပြုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိ၏ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းစေမည်ဆိုသည့် ယုံကြည်စိတ်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးကလည်း အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သလိုက်ပါကြောင်း ပြောကြားလိုပါကြောင်း။

ခင်မင်ရင်းနှီးမှု

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့၏ ခင်မင်ရင်းနှီးမှု၊ နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် ကူညီမှုများသည် လွတ်လပ်ရေးအကြိုကာလများကတည်းကပင် တည်ရှိခဲ့ကြခြင်းဖြစ်ကြောင်း။

အင်ဒိုနီးရှားသမ္မတနိုင်ငံအနေဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်များမှာပါ မြန်မာနိုင်ငံအပေါ်တစိုက်မတ်မတ် ထောက်ခံမှုပြုခဲ့သည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်လျက်ရှိပါကြောင်း။

ဆက်လက်၍လည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာနယ်ပယ်၌ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေမှန်များကို မျက်ကွယ်ပြုပြီး ဖိအားပေးမှုများကို အင်ဒိုနီးရှားသမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးသွားမည်ဟု မိမိတို့ ယုံကြည်မျှော်လင့်ထားပါကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

အခါအခွင့်ကြုံခိုက် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုကို အကျဉ်းမျှ အသိပေးပြောကြားလိုပါကြောင်း၊ မိမိတို့ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ပြီးနောက် ကြုံတွေ့ခဲ့သည့် ပြဿနာ၊ အခက်အခဲများစွာကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါကြောင်း၊ ထိုအချိန်က ကြုံတွေ့ခဲ့ရသောပြဿနာ၊ အခက်အခဲများကို ဖြေရှင်းပြီးနောက် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရောက်ရှိအောင် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ချိန်တည်းတွင် မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကူးပြောင်းရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုအား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အီစတာနာမာဒေးကားသမ္မတနန်းတော်တွင် တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့်အညီ ရေးဆွဲခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလအတွင်းက ကျင်းပခဲ့ရာ ပြည်သူတို့၏ထောက်ခံမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အောင်မြင်စွာ အတည်ပြုနိုင်ခဲ့ပါကြောင်း။

ဆက်လက်အကောင်အထည်ဖော်

ယင်းသည် မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်(၇)ရပ်အနက် စတုတ္ထမြောက်အဆင့်ကို ပြီးစီးအကောင်အထည်ဖော်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ဆက်လက်၍ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကြေညာထားသည့်အတိုင်း ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့်လုပ်ငန်းစဉ်များကိုလည်း မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အသေးစိတ်ပြောကြားပြီး နာဂစ်သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုများ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ပြောကြားသည်။

ထောက်ခံ

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက ယခုကဲ့သို့ မြန်မာနိုင်ငံ၏အခြေအနေကို ပကတိအနေအထားအတိုင်း မှန်ကန်စွာသိရှိရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ထောက်ခံပါကြောင်း၊ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မြန်မာနိုင်ငံသားများက ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၈

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် မီးသတ်လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မီးသတ်တပ်ဖွဲ့သည် အစဉ်အလာကောင်းသော တပ်ဖွဲ့ဖြစ်သည်နှင့်အညီ ပြည်သူအားကိုးရသော မီးသတ်တပ်ဖွဲ့ဖြစ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး၊ တပ်ဖွဲ့ဝင်များ၏စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊လေ့ကျင့်ရည်ပြည့်ဝရေးတို့ကိုမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

လားရှိုး မတ် ၁၈

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးစောထီနေထူးဦးဆောင်၍ ဦးစံယွန်း(စက်မှုကျွမ်းကျင်-၂)၊ ဦးမြင့်ဦး (စာရင်းကိုင်-၂)၊ ဦးစိုးနိုင်ဦး(ဒု-ဦးစီးမှူး)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစိုင်းနော်ခမ်း(ဒု-ဦးစီးမှူး)၊ ဦးအောင်ကျော်ဦး (အကြီးတန်းစာရေး)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒု-ရဲအုပ်နေလင်း၊ တပ်ကြပ်ကြီးလှအေး၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဒု-ဥက္ကဋ္ဌဦးအောင်မြင့်၊ ဦးတင့်လွင်တို့နှင့်အတူ မတ် ၁၄ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေးယာဉ်ရပ်နားစခန်းတွင် လားရှိုးမှ မန္တလေးမြို့သို့ ခရီးသည်တင်ပြေးဆွဲမည့် ရဲမာန်အောင်၊ ရတနာစိုး၊ ကွတ်ခိုင်မန်း၊ ရွှေသရဖူမော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(လားရှိုး-ကိုယ်ပွား)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနို ခေါင်းဆောင်သောအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနို ခေါင်းဆောင်သောအဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို မတ်၁၆ရက် ညနေ ၄နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အီစတာနာမာဒေးကားနန်းတော်ရှိ Reception Hall ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညဏ်လင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့်အတူ နိုင်ငံရေး တရားဥပဒေနှင့် လုံခြုံရေးဝန်ကြီး H.E.Mr. Wido A.S၊ နိုင်ငံတော်အတွင်းရေးမှူး H.E. Mr. M.Hatta Rajasa၊ အစိုးရအဖွဲ့အတွင်းရေးမှူး H.E. Mr. Sudi Silahi၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. N. Hassan Wirajuda၊ ကုန်သွယ်ရေး ဝန်ကြီး H.E. Dr. Marie Elka Pangestu၊ သစ်တောဝန်ကြီး H.E.Mr.M.S. Kaban၊ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Jusman Syafii Djamal၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး H.E. Mr. Jero Wacik၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး H.E. Mr. Mohammad Nuh၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဝန်ကြီး H.E. Mr.Sofyan A. Djalil၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာ၌ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုက မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည်သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်ဖြစ်သည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ရေး၊ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်စွာ ဆက်လက် တည်တံ့ရေးတို့ကို ရရှိစေမည်ဖြစ်ကြောင်း။

အာဆီယံမိသားစု

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်ကာလရှည်ကြာကပင်ချစ်ကြည်ရင်းနှီးခဲ့ပြီး အာဆီယံမိသားစုဝင် နိုင်ငံများလည်းဖြစ်ကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးအပြင် ဒေသဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဦးစွာဆွေးနွေးပြောကြားသည်။

အထောက်အကူပြု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အင်ဒိုနီးရှားနိုင်ငံကို မိမိတို့အနေဖြင့် နီးနီးကပ်ကပ်ရှိပြီး နားလည်မှုနှင့်ခင်မင် ရင်းနှီးမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုထားမှု၊ နှစ်နိုင်ငံအကြားမှာရှိသည့်နီးကပ်သောပူးပေါင်းဆောင်ရွက်မှုများနှင့် လက်တွဲမှုများသည် လွတ်လပ်ရေး မရမီကတည်းကပင် စတင်ရှိခဲ့မှု၊ မြန်မာ-အင်ဒိုနီးရှားပူးတွဲကော်မရှင် ဖွဲ့စည်းနိုင်ခဲ့မှုကြောင့် ကဏ္ဍစုံမှာစနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေးကို များစွာအထောက်အကူပြုခဲ့မှုများကို အကျယ်တဝင့်ပြောကြားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငွေရေး၊ ကြေးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကိုဆွေးနွေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အခွင့်အလမ်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဆွေးနွေးပြောကြားသည့် နှစ်နိုင်ငံဆက်ဆံရေး၊စီးပွားရေးလုပ်ငန်းဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ရန် ကြိုဆိုပါကြောင်းနှင့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြားပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဆွေးနွေးသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြန်လည် ပြောကြားသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနို ခေါင်းဆောင်သော အဖွဲ့ဝင်များ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အီစတာနာမာဒေးကား သမ္မတနန်းတော်ရှိ Reception Hall ၌ ကျင်းပစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံအမတ်ကြီး စစ်သံမှူးနှင့် ဝန်ထမ်းမိသားစုများ ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မတ် ၁၈

အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား မတ် ၁၆ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် ဂျကာတာမြို့ရှိ Hotel Borobudur ဟိုတယ် ဧည့်ခန်းမ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညဏ်လင်းနှင့် ဇနီး ဒေါ်ခင်မာနွယ်၊ စစ်သံမှူး ဗိုလ်မှူးကြီး အေးသော်နှင့် ဇနီး ဒေါ်ခင်ဦးမေ၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့်မိသားစုများက မြန်မာ့ရိုးရာ အစဉ်အလာနှင့် အညီ ဂါရဝပြု ကန်တော့ကြသည်။

အလေးဂရုပြုဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှုများကို စဉ်ဆက်မပြတ်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိမှု၊ နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့် ဒေသများရှိလေဘေးသင့်ပြည်သူများနေထိုင်စားသောက်ရေးနှင့် မူလ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း စသည့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ လူမှုရေး အသင်းအဖွဲ့များနှင့် နိုင်ငံတကာ အလှူရှင်များက အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သဖြင့် မူလကထက် သာလွန်ကောင်းမွန်သော အခြေအနေတွင်နေထိုင်လုပ်ကိုင်လျက်ရှိမှုနှင့် နိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုများ၊ နောင်အနာဂတ် နိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် သံတမန် ကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများကို အမြဲ လေးစားလိုက်နာပြီး မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နှစ်နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေးအတွက် အလေးဂရုပြု ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်က သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးအေးသော်နှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဇနီး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၇ရက်တွင် မကျင်းပနိုင်ခဲ့၍ ယင်းအစည်းအဝေးကို မတ်၂၈ရက်(စနေနေ့)ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန(I.B.C) ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ဦးဝဏ္ဏဇော်အား ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းရာတွင် ''အရည်အသွေးပြည့်မီတဲ့ ကွန်ကရစ်လမ်းတစ်လမ်း တည်ဆောက်နိုင်ဖို့အတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးမှာ စံချိန်စံညွှန်းမီအောင် စနစ်တကျ အဆင့်ဆင့် ဆောင်ရွက်ကြရပါတယ်။အဲဒီကဏ္ဍတွေကတော့ ကွန်ကရစ်ဖျော်စပ်ထုတ်လုပ်ဖို့ လိုအပ်တဲ့ အရည်အသွေးမီ လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းခြင်း၊ ကွန်ကရစ်ခင်းမယ့် အောက်ခံမြေလွှာကို လိုအပ်တဲ့ သိပ်သည်းမှု ရရှိအောင် တည်ဆောက်ခြင်း၊ ကွန်ကရစ်ဖျော်စပ်ထုတ်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းနဲ့ အရည်အသွေး ထိန်းသိမ်းကွပ်ကဲခြင်းစတဲ့ ကဏ္ဍတွေပဲ ဖြစ်ပါတယ်။

အသုံးပြုခဲ့

ဒီနေ့အထိ ဆောင်ရွက်ပြီးစီးခဲ့တဲ့ လမ်းမိုင်၂၀၂မိုင်၁ဖာလုံအနက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အမှတ်(၃) လမ်းဆုံမှ မြို့ချောင်းအပိုင်း ၈၃မိုင်ဖာလုံနဲ့ သာဂရမှ နေပြည်တော် စီလမ်းဆုံအပိုင်း ၂၉မိုင် စုစုပေါင်း ၁၁၂မိုင်ဖာလုံ ဆောင်ရွက်ခဲ့ရာမှာ လိုအပ်တဲ့ လုပ်ငန်းသုံး အဓိကပစ္စည်းတွေဖြစ်တဲ့ ဘိလပ်မြေ တန်၅၁၆၀၀၀၊ ခွဲကျောက် ၃၅၀၀၀၀ကျင်း၊ မြစ်ကျောက်စရစ်ကျင်း၁၀၁၀၀၀ နဲ့ ဒီဇယ်ဆီ ဂါလန် ၃၇၁၀၀၀၀ တို့ကို စုဆောင်းအသုံးပြုခဲ့ပါတယ်။

ဖျော်စပ်ထုတ်လုပ်

လက်တွေ့လုပ်ငန်းဆောင်ရွက်ရာမှာ ကွန်ကရစ်လမ်းခင်းမယ့် အောက်ခံမြေလွှာကို သိပ်သည်းမှုရရှိအောင် စနစ်တကျ အလွှာလိုက် ရေဖျန်းခင်းကြိတ်တည်ဆောက်ပြီး အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တွေက ကွန်ကရစ်ခင်းဖို့ သတ်မှတ် စံချိန်စံညွှန်းပြည့်မီမှုရှိမရှိ စစ်ဆေးအတည်ပြုပေးပါတယ်။ ကွန်ကရစ်ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအတွက် ကွန်ကရစ်ဖျော်စက် ၂၅စက် အသုံးပြုခဲ့ပြီး ကွန်ကရစ်ကုဗမီတာ ၁၃၂၁၀၀၀ဖျော်စပ်ထုတ်လုပ်ပေးခဲ့ပါတယ်။

ကြပ်မတ်စစ်ဆေး

ကွန်ကရစ်ဖျော်စက်တွေက ဖျော်စပ်ထုတ်လုပ်ပေးတဲ့ ကွန်ကရစ်တွေကို ကွန်ကရစ်ခင်းစက် ခြောက်စက် အသုံးပြုပြီး လေးလမ်းသွား ကွန်ကရစ်လမ်းမကြီး တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်စဉ်ကာလမှာ အမှားအယွင်းမရှိအောင် အထူးဂရုပြုဆောင်ရွက်ခဲ့ပါတယ်။ ကွန်ကရစ် ဖျော်စပ်ရာမှာ သတ်မှတ်အရည်အသွေးမီအောင်ထုတ်လုပ်ပေးနိုင်ဖို့နဲ့ ကွန်ကရစ်ခင်းရာမှာလည်း စံချိန်စံညွှန်း သတ်မှတ်ချက်အတိုင်း ရရှိစေဖို့ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တွေက အမြဲမပြတ် ကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးခဲ့ပါတယ်။

''ကွန်ကရစ်လမ်း သတ်မှတ်ခံနိုင်ဝန်အားရှိဖို့ အဓိကကျတဲ့ အချက်ကတော့ ကွန်ကရစ်ထဲမှာ ပါဝင်တဲ့ ဘိလပ်မြေ၊ ကျောက်၊ သဲနဲ့ ရေတို့ရဲ့ သန့်စင်မှုက အဓိကကျတဲ့အချက် ဖြစ်ပါတယ်''

ဒုတိယဗိုလ်မှူးကြီးစိုးစည်
စီမံကိန်းအင်ဂျင်နီယာ
စစ်အင်ဂျင်နီယာ
ညွှန်ကြားရေးမှူးရုံး

တွက်ချက်ပုံစံ ထုတ်ပေး

ကွန်ကရစ်လမ်းပုံစံ (Design)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနဌာနက တွက်ချက် ပုံစံထုတ်ပေးခဲ့ခြင်းဖြစ်ပြီး အကျယ် ၂၇ပေ၊ ခြောက်လက်မထု ကွန်ကရစ်အောက်လွှာနဲ့ အကျယ် ၂၅ ပေ၊ ၁၂ လက်မထု ကွန်ကရစ်အပေါ်လွှာဆိုပြီး ကွန်ကရစ်အလွှာ နှစ်လွှာပါဝင်ပါတယ်။ လမ်းတစ်ခုလုံးရဲ့ ခံနိုင်ဝန်ဟာ တန် ၈၀ ဖြစ်ပါတယ်''ဟု ပြောကြားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စုစုပေါင်း ၃၅၂ မိုင် ၆ဖာလုံ အနက် ၁၇၂မိုင် ၃ဖာလုံကို တာဝန်ယူဆောင်ရွက်ရသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၏ လုပ်ငန်းအဖွဲ့တွင် စီမံကိန်းအင်ဂျင်နီယာများအဖြစ် ဒုတိယ ဗိုလ်မှူးကြီးစိုးစည်နှင့် ဒုတိယဗိုလ်မှူးကြီးမြင့်ဦးတို့က အပိုင်းနှစ်ပိုင်းခွဲ၍ တာဝန်ယူဆောင်ရွက်ပြီး အရာရှိ အရာခံ၊ အကြပ်၊ စစ်သည် ၅၀၀ ကျော်၊ စက်ယန္တရား ၁၀၀၀ ကျော်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လုပ်ငန်းပြီးစီးမှု

ရှေးဦးစွာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ စီမံကိန်းအင်ဂျင်နီယာ တစ်ဦးဖြစ်သော ဒုတိယဗိုလ်မှူးကြီးစိုးစည်အား လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုမေးမြန်းရာတွင် ''စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး အမြန်လမ်းမကြီးဖောက်လုပ်ရေးအဖွဲ့အနေနဲ့ ရန်ကုန်-နေပြည်တော်လမ်းပိုင်းမှာ မိုင်တိုင်အမှတ် ၈၃/၆ ရဲွှယ်တံတားထိပ်မှ မိုင်တိုင်အမှတ် ၁၇၃/၁ သာဂရလမ်းဆုံအထိ ဖြစ်ပါတယ်။ **လက်ရှိမှာ ယာဉ်သွားလာမှု အရေအတွက်နှုန်းထားအပေါ် မူတည်ပြီး လိုအပ်ချက်အရ နှစ်လမ်းသွား၊ နှစ်လမ်းမောင်း (Two Way/Two Lane) ဖောက်လုပ်ရခြင်းဖြစ်ပြီး အနာဂတ်မှာ ယာဉ်သွားလာမှုနှုန်းထား တိုးတက်များပြားလာမယ်ဆိုရင် ရှစ်လမ်းသွားအဖြစ် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလို ရှစ်လမ်းသွားအဖြစ် ဖောက်လုပ်တဲ့အခါမှာ ကွန်ကရစ်လုပ်ငန်းပဲ ဆောင်ရွက်ရမှာဖြစ်ပြီး မြေကြီးလုပ်ငန်းက ပြီးစီးနေပြီ ဖြစ်ပါတယ်။**

အပိုင်း(၂)ဖြစ်တဲ့ နေပြည်တော်-မန္တလေး လမ်းပိုင်းမှာ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကတာဝန်ယူရတဲ့အပိုင်းမှာ မြေကြီးလုပ်ငန်း စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နေပြည်တော်-မန္တလေးလမ်းပိုင်းမှာ ဆောင်ရွက်ရတဲ့ မြေကြီးလုပ်ငန်းဟာ အပိုင်း(၁)ဖြစ်တဲ့ ရန်ကုန်-နေပြည်တော် လမ်းပိုင်း ဖောက်လုပ်ခဲ့ရတာထက် ဖြတ်မြေ၊ ဖို့မြေကျင်း ပိုများပါတယ်။

နေပြည်တော်-မန္တလေးလမ်းပိုင်းမှာ ဖြတ်ရတဲ့ မြေသားဟာ အမြင့်ပေ ၁၀၀ ခန့်ရှိပြီး ဖို့ရတဲ့မြေကလည်း ပေ ၈၀အထိ ရှိပါတယ်။ အပိုင်း(၁)တုန်းကလို ရိုးမတောင်ခြေတင်မကတော့ဘဲ ရိုးမတောင်ပေါ်အထိ ကျော်ဖြတ်ပြီး ဖောက်လုပ်ရတာဖြစ်လို့ သက်တမ်းနုကျောက်တောင်တွေကို အမြင့်ပေ၈၀ခန့် ဖြိုချရပါတယ်။ ပန်းတင်-ဆင်သေချောင်းအပိုင်းဟာ အခက်ခဲဆုံးနေရာပါပဲ။ သက်တမ်းနုကျောက်တောင်တွေကို ပေ ၈၀ခန့် ဖြတ်ချရတာဖြစ်လို့ လုပ်ငန်းပမာဏကြီးမားပြီး နှောင့်နှေးကြန့်ကြာမှု ကြုံတွေ့ရပါတယ်။ ဒါ့အပြင် နေပြည်တော်-မန္တလေး လမ်းပိုင်းမှာ မြေကြီးဖိသိပ်ခြင်းနဲ့ ကွန်ကရစ်ဖျော်စပ်ခြင်းလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ရေရရှိဖို့ အင်မတန် ခက်ခဲပါတယ်။ ရေရရှိတဲ့နေရာကို ရောက်ဖို့ အနည်းဆုံး ငါးမိုင်ခန့် တောင်တက်၊ တောင်ဆင်းတွေ ကျော်ဖြတ်ပြီး သွားရတဲ့အနေအထား ဖြစ်ပါတယ်။

အမြန်လမ်းမကြီးဖောက်လုပ်ရေးစီမံကိန်းကို ဟုမ္မလင်း၊ ကျောက်ထု၊ ဘုတ်ပြင်း၊ အနီးစခန်း၊ အေလာ၊ ထားဝယ်စတဲ့ လေယာဉ်ကွင်းစီမံကိန်းမှာ ပါခဲ့ကြတဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်တွေကို အခြေခံပြီး စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက ထပ်မံဖွဲ့စည်းပေးလိုက်တဲ့ စစ်သည်များနဲ့ စုဖွဲ့ပြီး ပူးတွဲလုပ်ကိုင်ခဲ့တာကြောင့် ကွန်ကရစ်လမ်းဖောက်လုပ်မှု အတွေ့အကြုံရှိတဲ့စစ်သည်တွေကို မွေးထုတ်နိုင်ခဲ့ပါတယ်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး အမြန်လမ်းမကြီးဖောက်လုပ်ရေး အဖွဲ့အနေနဲ့ အကြိုအင်ဂျင်နီယာလုပ်ငန်းဖြစ်တဲ့ လမ်းအူကြောင်းရှာဖွေခြင်း၊ လမ်းပုံစံဒီဇိုင်းထုတ်ခြင်းတွေ ဆောင်ရွက်ပြီးတဲ့နောက် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ ပင်မလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ မြို့ချောင်းကျေးရွာအနီး သဲဝါချောင်းကမ်းပါးဘေးက အကျယ် ၁ဖာလုံ၊ အနက်ပေ ၁၀၀ ခန့်ရှိတဲ့ တညင်းကုန်းလျှိုကြီးကို လျှိုပိတ်၊ ချောင်းပိတ်လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ရေစိမ့်ထွက်နေတဲ့ နွံအိုင်တွေကို ဖယ်ထုတ်ခြင်း၊ ချောင်းကမ်းပါးဘက်ခြမ်း သံကူကွန်ကရစ် မြေထိန်းနံရံပြုလုပ်ခြင်းနဲ့ မြေသားဖို့ကြိတ်ခြင်းလုပ်ငန်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ ပဲခူးယ်ကုန်းမြို့အနီး မိုင်တိုင်အမှတ်၉၆မှ ၉၈အကြားမှာ အတက်၊ အဆင်း မတ်စောက်ကျဉ်းမြောင်းတဲ့ လျှို၊ မြောင်၊ ချောက်ကမ်းပါးနဲ့ တောင်ကြောတွေဟာ နှစ်မိုင်ခန့်ရှည်လျားစွာ တည်ရှိနေပါတယ်။ ပေ၈၀ခန့်နက်တဲ့ လျှိုမြောင်တွေမှာ မြေကြီးလုပ်ငန်းကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရပါတယ်။

လျှိုပိတ်တဲ့နေရာမှာ နွံတွေကို ချည်းဖယ်ထုတ်ရင် ကြန့်ကြာမှုရှိတဲ့အတွက် နွံထဲကို မြေသားထည့်ပြီး မြေသားနဲ့ ရောမံထားတဲ့မြေတွေကို စက်ယန္တရားတွေနဲ့ဖယ်ထုတ်ရပါတယ်။ လမ်းမြေသားရရှိဖို့ မြေဖို့ရာမှာလဲ အနီးအနားမှာ လမ်းမြေသားမရှိလို့ ဝေးလံတဲ့နေရာက မြေကြီးသယ်ယူပြီး ဖို့ခဲ့ရပါတယ်။ ဖြူးမြို့အနီး မိုင်တိုင်အမှတ် ၁၁၈ နဲ့ ၁၂၀ ကြားလည်း ပဲခူးယ်ကုန်းမြို့နားမှာလိုပဲ ဆောင်ရွက်ခဲ့ရပါတယ်။

မိုင်တိုင်အမှတ် ၁၂၃ နဲ့ ၁၂၅ ကြားမှာ ရေပန်းထွက်တဲ့ နွံအိုင်ကြီးကို သာမန်မြေဖို့ခြင်းမျိုးနဲ့ ဆောင်ရွက်လို့မရတာကြောင့် နည်းပညာသုံး ဘူမိဇေဒ ရေပိတ်လွှာ (Geotextile)နည်းစနစ်ကို အသုံးပြုဆောင်ရွက်ခဲ့ရပါတယ်။ မိုင်တိုင်အမှတ် ၁၆၆ အနီးက တစ်မိုင်ခန့်ရှည်လျားတဲ့ ပိတ်စွယ်အင်းကိုလည်း Geotextile နည်းစနစ် အသုံးပြုပြီး ဖြတ်သန်းဖောက်လုပ်ခဲ့ရပါတယ်။ မိုင်တိုင်အမှတ် ၁၇၁ သာဂရမြို့အနီးမှာ ကျောက်တောင်ကိုဖြတ်ရပြီး ရေဝပ်တဲ့ မြေနိမ့်ပိုင်းတွေကို ဖြတ်ဖောက်ရာမှာလည်း ပေ ၂၀ ခန့်မြင့်တဲ့ မြေသားတာပေါင် ပြုလုပ်ပြီး ဖောက်လုပ်ခဲ့ရပါတယ်။ မိုးရေချိန်လက်မ ၁၀၀ကျော်တဲ့ဒေသဖြစ်တာကြောင့် မြေက ရွံ့စေးမြေ ဖြစ်ပါတယ်။ မိုးတွင်းမှာ မြေကြီးလုပ်ငန်းကို ဆောင်ရွက်လို့ မရဘဲ တံတား၊ ရေပြွန်နဲ့ကွန်ကရစ်လုပ်ငန်းတွေပဲ ဆောင်ရွက်ခဲ့ရပါတယ်။

လက်ရှိစမ်းသပ်အသုံးပြုတဲ့ အနေအထားမှာအတက်အဆင်း၊အကွေ့အကောက်ပြေပြစ်တဲ့ လမ်းမကြီးတစ်ခုအဖြစ် သွားလာနိုင်ပြီဖြစ်ပေမယ့် မူလ အနေအထားမှာ အတက်အဆင်းမတ်စောက်ကျဉ်းမြောင်းတဲ့ တောင်ကြားတွေ၊ ရွံ့နွံထူထပ်တဲ့ အင်းအိုင်တွေ၊ ရေကန်တွေ၊ တောင်ကျရေစီးသန်တဲ့ ချောင်းလက်တက်တွေကို အချိန်တိုအတွင်း ပြီးစီးရေး ကြိုးပမ်းပြုပြင်ခဲ့ရပြီး လက်ရှိအနေအထားကို ရောက်ရှိခဲ့တာပါ။

လမ်းဖောက်လုပ်ရာမှာ ရရှိထားတဲ့ ဒီဇိုင်းပုံစံကို မြေပြင်နဲ့ကိုက်ညီမှု ရှိမရှိ ပုံစံထုတ် အင်ဂျင်နီယာအဖွဲ့က အမြဲမပြတ် စစ်ဆေးပြီး ပုံစံကို အတည်ပြုပေးခြင်း၊ ပြုပြင်ပေးခြင်းတွေ ပြုလုပ်ပေးပါတယ်။ မြေပြင်မှာလက်တွေ့လုပ်နေတဲ့အင်ဂျင်နီယာအဖွဲ့နဲ့ပေါင်းစပ်ပြီး ယာဉ်တွေလုံခြုံချောမွေ့ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တဲ့ လမ်းအနေအထားဖြစ်အောင် ဆောင်ရွက်ရပါတယ်။ ဒီလိုကြီးကြပ်ဆောင်ရွက်ရတဲ့ အပိုင်းမှာ အမြဲတမ်းစစ်ဆေးနေမှသာလျှင် တိကျ မှန်ကန်မှုရှိမှာဖြစ်ပြီး တိကျမှန်ကန်မှု မရှိလျှင် ယာဉ်တွေလုံခြုံချောမွေ့စွာ သွားလာနိုင်မှာ မဟုတ်ပါဘူး။

စနစ်တကျ

ကွန်ကရစ်ခင်းတဲ့အပိုင်းမှာ မျက်နှာပြင်ညီညာချောမွေ့မှုနဲ့ သတ်မှတ်ခံနိုင်ဝန်အားရှိဖို့ အရေးကြီးပါတယ်။ ကွန်ကရစ်မျက်နှာပြင်ညီညာစေဖို့ ဆောင်ရွက်ရာမှာ ကွန်ကရစ်အခြေခံလွှာနဲ့အပေါ်ယံလွှာခင်းတဲ့နေရာမှာသာ အရေးကြီးတာ မဟုတ်ဘဲ အောက်ခံမြေသား ဖိကြိတ်ခြင်းလုပ်ငန်းကိုလည်း အဆင့်ဆင့် စနစ်တကျဆောင်ရွက်ခဲ့မှသာလျှင် ကွန်ကရစ်မျက်နှာပြင်ချောမွေ့မှုကို ရေရှည်ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ လမ်းအကွေ့အစောင်းနဲ့ အတက်အဆင်း ညီညာပြေပြစ်ဖို့အတွက်ကွန်ကရစ်ခင်းစက်နဲ့ ခင်းတဲ့နေရာမှာ လမ်းအခုံး၊လမ်းရဲ့ အလျား၊ လျှောစောက်၊ လမ်းကွေ့ဒီဂရီအစောင်းတို့ကို မြေတိုင်းကိရိယာတွေဖြစ်တဲ့ အနိမ့်၊ အမြင့်တိုင်းကိရိယာ (Level Instrument)၊ ထောင့်တိုင်း ကိရိယာ (Theodolite Instrument) စတဲ့ ကိရိယာတို့နဲ့ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်မှသာလျှင် လမ်းမျက်နှာပြင် ညီညာချောမွေ့နိုင်မှာဖြစ်ပါတယ်။

ပြုပြင်စစ်ဆေး

ကွန်ကရစ်လမ်း သတ်မှတ်ခံနိုင်ဝန်အားရှိဖို့ အဓိကကျတဲ့ အချက်ကတော့ ကွန်ကရစ်ထဲမှာ ပါဝင်တဲ့ ဘိလပ်မြေ၊ ကျောက်၊ သဲနဲ့ ရေတို့ရဲ့ သန့်စင်မှုက အဓိကကျတဲ့အချက် ဖြစ်ပါတယ်။ ကျောက်ထဲမှာ ကျောက်မှု၊ မြေကြီးခဲ၊ သစ်သားစ စတဲ့ အမှိုက်သရိုက် အရောအနှောတွေ မပါအောင် ကျောက်ခွဲစက်များအထိ သွားရောက်စစ်ဆေး ကြပ်မတ်ရသလို သဲထုတ်တဲ့နေရာမှာလည်း ရွှံ့နဲ့ မြေကြီးခဲအပါအဝင် မလိုလားအပ်တဲ့ အမှိုက်သရိုက်တွေ မပါအောင် ဆန်ခါသုံးထပ်နဲ့ လုပ်မလုပ် ကြပ်မတ်စစ်ဆေးမှသာ သန့်စင်တဲ့ကျောက်နဲ့သဲကို ရာခိုင်နှုန်းများများ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကွန်ကရစ်ဖျော်စပ်တဲ့နေရာမှာ သုံးတဲ့ရေကို သန့်စင်မှုရှိအောင် စုဆောင်းသုံးစွဲခဲ့ပါတယ်။ ဒါ့အပြင် ခံနိုင်ရည်အားကောင်းစေတဲ့ဓာတုဆေးရည်ကိုလည်း ကွန်ကရစ်ဖျော်ရည်မှာ ထည့်သွင်းသုံးစွဲခဲ့ပါတယ်။ ကျောက်တွေမသန့်စင်လို့ ဖြစ်ပေါ်လာတဲ့ အပေါက်တွေ၊ အကွဲကြောင်းတွေကိုလည်း အမြဲမပြတ် ပြုပြင်စစ်ဆေးပြီး ပြုပြင်လျက်ရှိပါတယ်။ ကွန်ကရစ်လမ်း ရေရှည်ကောင်းမွန်ဖို့ဟာ လမ်းပခုံး မြေသား ပြုပြင်ခြင်းဟာ အရေးကြီးပါတယ်။ လမ်းပခုံးမြေသားကို ပြုပြင်ထိန်းသိမ်းရာမှာ လမ်းပေါ်မှာ ရေမဝပ်၊ ရေမတင်ဖို့နဲ့ ရေစီးရေလာကောင်းဖို့ အထူးဂရုစိုက်ရပါတယ်။

ထုတ်လုပ်ဖြည့်ဆည်းပေး

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး အမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်းအဖွဲ့ရဲ့ လမ်းနဲ့တံတားများအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ဘိလပ်မြေတန်ချိန် ခြောက်သိန်းခန့်၊ သံချောင်းလုံးတန် ၃၉၀၀၀ ခန့်၊ ခန်းဖွင့်အကျယ်ပေ ၉၀ ရှိ သံမဏိရက်မ သံပေါင် ၁၀၆ ခန်း၊ ခွဲကျောက်ကျင်း ခြောက်သိန်း၊ သဲကျင်း ၄၃သမ၇ သိန်းတို့ လိုအပ်တဲ့ အနက် ဘိလပ်မြေနဲ့ သံချောင်းလုံးကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) က ထုတ်လုပ်ဖြည့်ဆည်းပေးပါတယ်။ လမ်း၊ တံတားအားလုံး တည်ဆောက်ရာမှာ ပြည်တွင်းထွက်ကုန်ပစ္စည်းများကိုသာ အသုံးပြုပြီးပြည်ပက အတတ်ပညာရှင် အကူအညီမပါဘဲ တည်ဆောက်ခဲ့တာပါ။

လုံခြုံချောမွေ့

လမ်းဖောက်လုပ်တဲ့ ကာလတစ်လျှောက်လုံး တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်ပေးခဲ့တဲ့အတွက် အခုလိုအချိန်တိုအတွင်း Two Way/ Two Lane ပြီးစီးခဲ့ပြီး မကြာမီအချိန်မှာ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်'' ဟု ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်-နေပြည်တော် လမ်းပိုင်းမှ မိုင်တိုင်အမှတ် ၉၃/၂အနီး ပေ ၃၆၀ ရှည်လျားသည့် တံကန်တံတား အသွား၊ အပြန်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်စီလမ်းဆုံ-ပန်းတင်လမ်းပိုင်း မိုင်တိုင်အမှတ် ၂၁၀အနီး၌ ပေ ၁၀၀ ခန့်နက်သည့် လျှိုမြောင်ချောက်ကမ်းပါးကြီးကို မြေသားဖို့၍ လမ်းသားကောင်းမွန် ညီညာမှုရှိစေရန် ဆောင်ရွက်နေမှုကို ဤသို့တွေ့ရသည်။(သတင်းစဉ်)

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲများဆက်လက်ပြုလုပ်

သတင်းမှတ်စု - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၈

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးခြင်း ဒုတိယနေ့ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က သုဝဏ္ဏရှိ Goal ဟိုတယ်တွင် ဆက်လက်ကျင်းပပေးခဲ့ရာ အသင်းသုံးသင်းမှ ကစားသမား ၂၈ဦး လာရောက်စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ကိုယ်စားပြု ကမ္ဘောဇ F.C၊ ရန်ကုန်တိုင်းကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C နှင့် မကွေးတိုင်းကိုယ်စားပြု မကွေး F.C တို့သုံးသင်းမှ လာရောက်ချုပ်ဆိုကြခြင်းဖြစ်ပြီး မကွေး F.C မှာ အပြောင်းအရွှေ့ ဈေးကွက်ကို သွက်လက်စွာ လှုပ်ရှားနေပြီး နှစ်ရက်ပေါင်း ကစားသမား ၂၈ဦးကို ခေါ်ယူထားပြီးဖြစ်သည်။

ကမ္ဘောဇ F.C တွင် ဆက်လက်ကစားမည့် ဂိုးသမားကျော်ဇင်ထက် လက်မှတ်ရေးထိုးစဉ်။ (မြန်မာ့အလင်း)

ကမ္ဘောဇ F.C မှာ ကစားသမား ၁၆ဦးအတွက် ပြောင်းရွှေ့ကြေးကျပ်သိန်း ၄၈၀၊ ရန်ကုန်ယူနိုက်တက် F.C မှာ ကစားသမားတစ်ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ မကွေး F.C မှာ ကစားသမား ၁၁ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၁၃၀ တို့ အသုံးပြုကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယနေ့အတွက် ပြောင်းရွှေ့ ကြေးကျပ် ၆၆၃သိန်းရှိခဲ့သည်။ ကစားသမားများအား စာချုပ်ချုပ်ဆိုခွင့်ပြုသည့် နှစ်ရက်တွင် မကွေး F.C မှာ ကစားသမား ၂၈ဦး ခေါ်ယူထားပြီး ပြောင်းရွှေ့ကြေးအတွက် အသုံးစရိတ် ကျပ်သိန်း ၅၀၀ ကျော်သွားပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘောဇ F.C မှာလည်း တစ်ရက်တည်းမှာပင် ကစားသမား ၁၆ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၀ နီးပါးသုံးစွဲထားသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက် F.C မှာ အသင်း၏ ပထမဦးဆုံး ကစားသမား ခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား မျိုးမင်းထွန်း (စီးပွား/ကူးသန်း)ကို အပြီးသတ် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ မျိုးမင်းထွန်းကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ လစာ ကျပ်၁၀သိန်းတို့ဖြင့် ချုပ်ဆိုခဲ့ခြင်းလည်းဖြစ်သည်။ မျိုးမင်းထွန်းက "ကျွန်တော့်ကို ကမ်းလှမ်းတဲ့ အသင်းတွေ ရှိပေမယ့် ရန်ကုန်ယူနိုက်တက်မှာ ကစားချင်လို့ ပြောင်းရွှေ့ဖို့ဆုံးဖြတ်ခဲ့တာပါ။ ရန်ကုန်မြေက မခွာချင်တာလည်းပါတာပေါ့။ ရန်ကုန်ယူနိုက်တက်နည်းပြအဖြစ် ဆောင်ရွက်မယ့် ကိုမျိုးလှိုင်ဝင်းက ၂၀၀၄ ခုနှစ် တိုက်ဂါးဖလားပြိုင်ပွဲမှာ အတူတူတွဲကစားဖူးတာကြောင့် လက်တွဲရတာအဆင်ပြေမှာပါ" ဟု ပြောကြားခဲ့သည်။ ရန်ကုန်ယူနိုက်တက် F.C အထွေထွေမန်နေဂျာ ဦးစိုင်းခင်မောင်အေးက "မျိုးမင်းထွန်းဟာ ကျွန်တော်တို့အသင်းရဲ့ ပထမဦးဆုံး ခေါ်ယူခဲ့တဲ့ ကစားသမားပါ။ ဘဏ္ဍာ/အခွန်အသင်းက ထွန်းထွန်းဝင်းနဲ့ ခင်မောင်ထွန်းတို့ကို ခေါ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ နိုင်ဂျီးရီးယားကစားသမား သုံးဦးခေါ်ယူဖို့ သဘောတူညီမှုရပြီးပါပြီ။ စာချုပ်ချုပ်ဖို့ပဲ ကျန်ပါတော့တယ်။ အာဆီယံနိုင်ငံတွေမှာ ကစားခဲ့သူတွေပါ။ ကျွန်တော်တို့အသင်း အောင်မြင်မှုရဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇ F.C မှာ ကစားသမား ၁၆ဦးအတွက် ပြောင်းရွှေ့ကြေး ကျပ်သိန်း ၄၈၀ အသုံးပြုထားပြီး မြန်မာလိဂ်ပြိုင်ပွဲတွင် ကမ္ဘောဇအသင်းမှ ငါးဦး၊ လယ်ယာ/ဆည်မြောင်းနှင့် ပို့ဆောင်ရေးမှ သုံးဦးစီ၊ စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်တို့မှ နှစ်ဦးစီ၊ စွမ်းအင်မှတစ်ဦးတို့ပါဝင်ကြသည်။ ကမ္ဘောဇ F.C မှာ မြန်မာ့လက်ရွေးစင်ကစားသမားခြောက်ဦးနှင့် အခြားအသင်းများမှ ခေါ်ယူထားသည့် ကစားသမားများကိုသာ စာချုပ်ထားခြင်းဖြစ်ပြီး အသင်းမှ ကစားသမားဟောင်းများကို ကွင်းပိတ် ပြိုင်ပွဲပြီးမှသာ ထပ်မံစာချုပ်သွားမည်ဖြစ်သည်။ ကမ္ဘောဇ F.C မှ ခေါ်ယူစာချုပ်ခဲ့သော ကစားသမားများမှာ စီးပွား/ကူးသန်းမှ မိုးဝင်းနှင့် လယ်ယာ/ဆည်မြောင်းမှ ခင်မောင်လွင်တို့ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀စီနှင့် လစာကျပ် ၁၀သိန်းစီ၊ ကမ္ဘောဇအသင်းမှ ဟန်ဝင်းအောင်၊ အေးဆန်း၊ ကျော်ဇင်ထက် (ဂိုး)နှင့် ကျော်သီဟတို့ကို ပြောင်းရွှေ့ကြေးကျပ်သိန်း ၄၀စီနှင့် လစာကျပ်၁၀သိန်းစီ၊ စီးပွား/ကူးသန်းမှ စထက်နိုင်ဝင်းကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၃၀နှင့် လစာကျပ် ငါးသိန်း၊ ကမ္ဘောဇမှ စိုးမင်းဦးနှင့် ပို့ဆောင်ရေးမှ ဝင်းမင်းထွဋ်တို့ကို ပြောင်းရွှေ့ကြေး ကျပ်၂၅သိန်းစီနှင့် လစာကျပ် ငါးသိန်းစီ၊ လယ်ယာ/ဆည်မြောင်းမှ တင်အောင်မိုးနှင့် နေဝင်းအောင်၊ မြို့တော်စည်ပင်မှ အောင်ဝင်းနိုင်နှင့် တင့်နိုင်ထွန်းသိန်း၊ ပို့ဆောင်ရေးမှ မျိုးမြင့်အောင်နှင့် ထက်အောင်၊ စွမ်းအင်မှ မင်းမင်းထွန်းတို့ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ်ငါး သိန်းစီဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်း အတွင်းရေးမှူး ဦးမောင်မောင်လောက်က "အခုနှစ်မှာတော့ ပြည်တွင်းကစားသမားတွေနဲ့ ဖွဲ့စည်းပြီး ယှဉ်ပြိုင်မှာပါ။ ပြည်ပကစားသမားတွေ ခေါ်ယူဖို့ လောလောဆယ် အစီအစဉ်မရှိပေမယ့် နောင်နှစ်တွေမှာတော့ ဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့က မြန်မာ့ဘောလုံး တိုးတက်ဖို့ အရင်ကတည်းက ဖွဲ့စည်းထားတဲ့ အသင်းဖြစ်လို့ ပြည်တွင်းကစားသမားတွေကို အဓိကပြုစုပျိုးထောင်ပေးသွားမှာပါ။ အသင်းက ကျန်တဲ့ကစားသမားတွေကို စာချုပ်ချုပ်မှာဖြစ်သလို ကစားသမားသစ်တွေလည်း ထပ်မံခေါ်ယူဖို့ရှိပါတယ်။ မြန်မာလိဂ်တုန်းက ကျွန်တော်တို့အသင်း အောင်မြင်မှုတွေရခဲ့သလို အခုမြန်မာနေရှင်နယ်လိဂ်မှာလည်း အောင်မြင်မှုရအောင် ဦးအေးမောင်ကြီးကို နည်းပြချုပ်အဖြစ် ခန့်အပ်ထားသလို ကစားသမားကောင်းတွေကိုလည်း ခေါ်ယူထားပါတယ်" ဟု ပြောကြားခဲ့သည်။

ယမန်နေ့က ကစားသမား ၁၇ဦးကို ခေါ်ယူစာချုပ်နိုင်ခဲ့သော မကွေး F.C မှာ ယနေ့တွင် ကစားသမား ၁၁ဦးကို ထပ်မံစာချုပ်ချုပ်ဆိုခေါ်ယူခဲ့သည်။ မကွေး F.C မှာ ကစားသမား ၂၈ဦးကိုခေါ်ယူနိုင်ခဲ့ပြီးဖြစ်ရာ လက်ရှိတွင် ကစားသမားအများဆုံးခေါ်ယူထားသော အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ သစ်တောရေးရာအသင်းမှ ခုနစ်ဦး၊ စွမ်းအင်အသင်းမှ လေးဦးတို့ကို ခေါ်ယူထားပြီး ပြောင်းရွှေ့ကြေးကျပ် သိန်း ၁၃၀ အသုံးပြုခဲ့ရသည်။ သစ်တောရေးရာမှ ထွန်းမင်းဦးကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ လစာကျပ် ၁၀သိန်း၊ စွမ်းအင်မှ လင်းလင်းထွေးကို ပြောင်းရွှေ့ကြေးကျပ် ၁၅သိန်း၊ လစာကျပ်ငါးသိန်း၊ စွမ်းအင်မှ ထွန်းထွန်းနိုင်နှင့် နိုင်လင်းထွန်းကို ပြောင်းရွှေ့ကြေးကျပ် ၁၅သိန်းစီ လစာ ကျပ်လေးသိန်းစီ၊ သစ်တောရေးရာမှ မျိုးကျော်အောင်(ဂိုး)၊ ဇော်မင်းထွန်း၊ နန္ဒလင်းကျော်ချစ်၊ သီဟဇော်၊ သိန်းသန်းဝင်း၊ မျိုးဇော်ဦး၊ စွမ်းအင်မှ ထင်အောင်တို့ကို ပြောင်းရွှေ့ကြေး ကျပ်ငါးသိန်းစီနှင့် လစာကျပ် လေးသိန်းစီတို့ဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင်ကစားသမား ခင်မောင်လွင် ကမ္ဘောဇ F.C တွင် ကစားရန် လက်မှတ် ရေးထိုးစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်ယူနိုက်တက် F.C နှင့် လက်မှတ်ရေးထိုးနေသည့် မျိုးမင်းထွန်း။ (မြန်မာ့အလင်း)

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့ စာချုပ် လက်မှတ်ရေးထိုးခြင်း ဒုတိယနေ့ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သုဝဏ္ဏရှိ Goal ဟိုတယ်တွင် ဆက်လက်ကျင်းပ ပေးခဲ့ရာ အသင်းသုံးသင်းမှ ကစား သမား ၂၈ဦး လာရောက် စာချုပ် ချုပ်ဆိုခဲ့ကြ။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မတ် ၁၈

အထက(၁) ဒဂုံ မြတ်ဆရာပူဇော်မည်

၁၉၇၅-၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ဆရာဆရာမကြီးများအား ပူဇော်ပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀-၂၁၂၄၁ နှင့် ၆၅၂၃၂၁ တို့သို့ဆက်သွယ်နိုင်ကြသည်။

မျိုးဆက်သစ် ဂေါက်သီးရိုက်ပြိုင်မည်

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်ကကြီးမှူး၍ မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၆ရက်နှင့် ၇ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီး ရိုက်အသင်း ကိုးမိုင် ပြည်လမ်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၆၆၁၇၀၂ နှင့် ၆၆၅၅၃၁ တို့သို့ စုံစမ်းနိုင်သည်။

ဗန်းမော်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒဂုံမြို့နယ် ကျောက်စိမ်းတွင်းဓမ္မာရုံသစ် (ရွှေတိဂုံ တောင်ဘက်မုခ်)၌ မတ် ၂၈ ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၄၃၃၀၄ နှင့် ၀၉-၅၀-၀၄၃၃၉ တို့သို့ ဆက်သွယ်နိုင်သည်။

ရူပဗေဒကျောင်းသားဟောင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒ ၁၉၇၂-၁၉၇၇ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်ရှိ အာရှပလာဇာဟိုတယ်၌ မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၆၁၈၁၅ နှင့် ၅၄၉၀၉၀တို့သို့ ဆက်သွယ်နိုင်သည်။

သိလိုရာမေး ကျန်းမာရေးအစီအစဉ်

ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)က ကြီးမှူး၍ မျိုးပွားကျန်းမာရေးနှင့်ပတ်သက်ပြီး သိရှိလိုသည်တို့အား သီးသန့်ဖုန်းလိုင်းဖြင့် မေးမြန်းဆွေးနွေးနိုင်သော ပညာပေး အစီအစဉ်ကို မတ် ၂၃ ရက်၌ စတင်မည်ဖြစ်ရာ ဆွေးနွေးလိုသူများ ရုံးဖွင့်ရက်များတွင် ဖုန်း-၀၁-၃၇၅၅၆၅သို့ နံနက် ၁၀နာရီမှ ညနေ ၃နာရီ အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြသည်။

အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်

၂၀၀၉ခုနှစ် ဆဋ္ဌမအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲကို သိမ်ဖြူဟော်ကီကွင်း၌ မတ် ၁၅ရက်က စတင်ကျင်းပခဲ့ပြီး အသင်း ၁၂သင်းပါဝင်ယှဉ်ပြိုင်ကာ ဧပြီ ၄ရက်အထိ ကျင်းပမည် ဖြစ်သည်။

ကျောက်ပန်းတောင်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၂ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ(ရွှေတိဂုံတောင်ဘက်မုခ်)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဘောလုံးဒိုင်လူကြီးများ မှတ်ပုံတင်ရန်နှိုးဆော်

၂၀၀၉-၂၀၁၀ခုနှစ် ဘောလုံးရာသီ ပြည်တွင်းဘောလုံးပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအားလုံးသည် ဧပြီ ၄ရက်နောက်ဆုံးထား၍ ဘောလုံးအဖွဲ့ချုပ်ဒိုင်ကော်မတီတွင် မှတ်ပုံတင်ကြရန် နှိုးဆော်ထားသည်။

မိုး/ဇလ ခန့်မှန်းချက် ပညာပေးဟောပြောပွဲ

၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များဆိုင်ရာ အသိပညာပေးဟောပြောပွဲအဖြစ် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ မတ် ၂၄ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီခွဲတွင် ဒေါက်တာဦးထွန်းလွင်က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

ဝဉစိုက်ပျိုးရောင်းချသူများအသင်း ဖွဲ့စည်းမည်

ဝဉစိုက်ပျိုးထုတ်လုပ်ပြုပြင်ရောင်းချသူများ အသင်းဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို အမှတ် ၂၂၄-အေ(ငါးလွှာ) ဦးဝိစာရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ Myanmar Belle Co.,Ltd. ၌ မတ် ၂၀ရက် မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၅၃၆၃၃၄နှင့် ၅၃၆၃၃၃ လိုင်းခွဲ(၆၀၆) တို့သို့ စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဆော့ဖ်ဝဲလ်နှင့် အင်ဂျင်နီယာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Professionals Education Centre (MPEC) က ကြီးမှူး၍ Software Engineer အတွက် လေ့လာသင်ယူရမည့် နည်းပညာရပ်များနှင့် အခွင့်အလမ်းများအကြောင်း ဟောပြောပွဲကို မတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၌ ဦးဇော်မိုးထွန်း (Myanmar Information Technology)နှင့် ဦးထွန်းခိုင် (Interga Systems)နှင့် ဦးရဲရင့်ဝင်း(Big Soft Business Information Systems) တို့က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ပါဝင်စား တက်ရောက်လိုသူများသည် ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄ တို့သို့ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ဖူလာအား အလျင်စလို ပြန်မခေါ်လို စတုတ်နည်းပြ တိုနီပူလစ်ပြောကြား

လန်ဒန် မတ် ၁၈

စတုတ်စီးတီး၏ ထိပ်တန်းကစားသမား ရီကာနိုဖူလာအား အသင်းတွင်အလျင်စလို ပြန်ခေါ်ယူကစားခိုင်းရန် ဆန္ဒမရှိကြောင်း နည်းပြတိုနီပူလစ်က ပြောကြားသည်။

ဖူလာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ရက်က ဆန်းဒါးလန်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပခုံးအဆစ်လွဲဒဏ်ရာ ရရှိခဲ့ကတည်းက ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲနှင့် လွဲချော်ခဲ့ရပြီဖြစ်သည်။

မဆုံးရှုံးစေလို

မိမိဆန္ဒနှင့်ပတ်သက်ပြီး ဖူလာအား ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ သူသည် ကျန်ပရီမီယာလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ရေး မသေချာသေးကြောင်း၊ မိမိတို့အနေဖြင့် ဖူလာနှင့် အီသာရင်တန်တို့ နှစ်ဦးအား အသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်သည့် အဆင့်သို့ ရောက်ရှိစေချင်ကြောင်း၊ ၎င်းတို့သည် အသင်းအတွက် အားထားရသော ကစားသမားများ ဖြစ်ကြောင်း၊ သို့သော်လည်း အလျင်စလို ပြန်ခေါ်လိုက်ခြင်းဖြင့် အသင်းအနေဖြင့် ၎င်းတို့အား မဆုံးရှုံးစေလိုကြောင်း နည်းပြပူလစ်က ဘီဘီစီသို့ပြောကြားသည်။

အနားယူ

စတုတ်စီးတီးအသင်း အနေဖြင့် ပရီမီယာလိဂ်၌ ဆက်လက်ရပ်တည်လိုပါက အားထားရသော ဖူလာကို တစ်ပွဲမျှသာ ထပ်မံအနားယူစေပြီး နောက်ထပ်ပွဲစဉ် ကစားမည့်ရက်တွင် ပြန်လည်ပါဝင်ကစားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း ယင်းသတင်း၌ဖော်ပြသည်။

(အင်တာနက်)

မန်ချက်စတာလက်ဝှေ့သမားဟောလ် ပီရိုက်စ်အား အနိုင်ထိုးသတ်ပြီး လိုက်မစ်ဒယ်ဝိတ် သရဖူရယူ

လန်ဒန် မတ် ၁၈

လက်ဝှေ့ကျော် မက်သရူးဟောလ် **(အပေါ်ယာပုံ)**သည် ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် ခေသဟာယလိုက်မစ်ဒယ်ဝိတ်ချန်ပီယံ ဘရက်ဒလေပီရိုက်စ်အား ဒုတိယအချီတွင် အနိုင်ထိုးသတ်ကာ ချန်ပီယံသရဖူကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

အလဲထိုး

အကဲဖြတ်ဒိုင်လူကြီး အီအန်ဂျွန်လူးဝစ်က အပြီးသတ်ခရာမမှုတ်မီတွင် မန်ချက်စတာလက်ဝှေ့ကျော် ဟောလ်သည် ခုနစ်ကြိမ်မြောက် သရဖူကာကွယ်သူ လက်ဝှေ့ကျော် ပီရိုက်စ်အား ဒုတိယအချီတွင် အလဲထိုးသတ်ကာ သရဖူဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

မော်ရင်ဟို မန်စီးတီးရောက်လာမှာလား....

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဘိုဘိုမင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၈

ဒီနှစ်ဘောလုံးရာသီ ကုန်ချိန်မှာ အင်တာမီလန်နည်းပြအဖြစ်မှ နုတ်ထွက်မယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားထားတဲ့ မော်ရင်ဟိုကို ပရီမီယာလိဂ်ကလပ် မန်စီးတီးက ခေါ်ယူမယ်လို့ အတိအလင်း သတင်းထုတ်ပြန်လိုက်ပါတယ်။

ပရီမီယာလိဂ်မှာ ကမ္ဘာကျော်ဘောလုံးသမားတွေ စုစည်းပြီး ကမ္ဘာ့အကောင်းဆုံးကလပ်အဖြစ် ထူထောင်ဖို့ ကြိုးစားနေတဲ့ မန်စီးတီးကလပ်ပိုင်ရှင်တွေ အနေနဲ့ ထိပ်တန်းနည်းပြတစ်ဦး ထားရှိဖို့ လိုအပ်တယ်ဆိုတာကို သဘောပေါက်ပြီး လက်တွေ့ အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။

ဖိန့်ဖိန့်တုန်

နည်းပြအဖြစ်နဲ့ ပရီမီယာလိဂ်ကို ပြန်မသွားဘူးလို့ ပြောထားတဲ့ မော်ရင်ဟိုဟာ မကြာခင်ကပဲ ဖာဂူဆန် အနားယူရင် မန်ယူအသင်းကို ကိုင်တွယ်မယ်ဆိုတဲ့ စကားသံတွေ ဆိုနေပြန်ပါတယ်။ မန်ယူလို ကမ္ဘာကျော်အသင်းကို ကမ္ဘာ့ကလပ်ဘောလုံးအသင်းတွေ ဖိန့်ဖိန့်တုန်သွားအောင် လုပ်ပြနိုင်တဲ့ အရည်အချင်းတွေ သူ့မှာရှိတယ်လို့ ဆိုခဲ့ပါတယ်။

ပြောကြား

အသက် ၄၆နှစ်အရွယ်ရှိတဲ့ မော်ရင်ဟိုဟာ အင်တာမီလန်က မန်ယူကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့ပြီး ချန်ပီယံလိဂ်က ထွက်ခဲ့ရတဲ့ ပွဲအပြီးမှာ အီတလီပရိသတ်တွေက မော်ရင်ဟိုကိုတွေ့တိုင်း ဝေဖန်လှောင်ပြောင်ခဲ့မှုကို နေရာတိုင်း ကြုံတွေ့ခဲ့ရလို့ မော်ရင်ဟို စိတ်ပျက်ခဲ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် အင်တာမီလန်နည်းပြအဖြစ်မှ နုတ်ထွက်မယ်လို့ ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

ပြင်ဆင်

မန်စီးတီးကလပ် ပိုင်ရှင်တွေဟာ လက်ရှိနည်းပြ မာ့ခ်ဟူချ်ကို ပုဂ္ဂိုလ်ရေးအရ ပြဿနာမရှိပေမယ့် အသင်းအောင်မြင်မှုရအောင် မစွမ်းဆောင်နိုင်ဘူးလို့ မှတ်ယူထားပြီးဖြစ်တာမို့ လာမယ့်နွေရာသီမှာတော့ နည်းပြအဖြစ်မှ ထုတ်ပယ်တော့မှာ ဖြစ်ပါ

မန်စီးတီးသို့ ပြောင်းမည်ဟု သတင်းထွက်နေသည့် နည်းပြမော်ရင်ဟို။

တယ်။ ဒါကြောင့် မာ့ခ်ဟူချ်ကလည်း အသင်းပြောင်းဖို့ အခုကတည်းက ပြင်ဆင်နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

တန်ရာတန်ကြေး

အခုဆိုရင် မော်ရင်ဟိုအတွက် နည်းပြလုပ်ခလစာကို သတ်မှတ် မထားဘဲ တန်ရာတန်ကြေး တောင်းနိုင်တယ်၊ ငွေကြေး ကန့်သတ်မထားဘူးလို့ ပြောကြားထားပြီး အသင်းမှာ နည်းပြတာဝန်ယူဖို့အတွက် လက်ခံဖို့ပဲ လိုအပ်ပါတယ်လို့ မန်စီးတီး ကလပ်ပိုင်ရှင်တွေက ဆိုနေပါတယ်။

စောင့်မျှော်နေ

မော်ရင်ဟိုကတော့ မန်စီးတီး ကလပ်ပိုင်ရှင်တွေရဲ့ ကမ်းလှမ်းချက်ကို အခုအချိန်အထိ တစ်စုံတစ်ရာတုံ့ပြန်မှု မပြုသေးဘူးလို့ဆိုပါတယ်။ မန်စီးတီး ပိုင်ရှင်တွေကတော့ မော်ရင်ဟိုကို သူတောင်းဆိုတဲ့ ငွေကြေးပမာဏပေးဖို့ လက်တွန့်မှာ မဟုတ်ဘူးလို့ ပြောကြားထားပြီး မော်ရင်ဟိုရဲ့ တုံ့ပြန်မှုကို စောင့်မျှော်နေပါတယ်။

စောင့်ကြည့်

ဒါ့အပြင် မော်ရင်ဟိုနည်းပြတာဝန်ယူနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မော်ရင်ဟိုနဲ့ ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေက တစ်ဆင့် ချဉ်းကပ်ပြီး ဆွေးနွေးနိုင်ဖို့ အတွက်လည်း ပြင်ဆင်နေပြီ ဖြစ်တာမို့ လာမယ့်ဘောလုံးရာသီမှာ မော်ရင်ဟို မန်စီးတီးနည်းပြ ဖြစ်၊မဖြစ် စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ကောလင်းနှင့် ဘယ်လာမီအား ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဝေလအသင်းက ခေါ်ယူ

လန်ဒန် မတ် ၁၈

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ပွဲများအတွက် ဝေလလက်ရွေးစင် အသင်းတွင် အသင်းခေါင်းဆောင်ဘယ်လာမီနှင့် ဂျိမ်းစ်ကောလင်းတို့အား နည်းပြဂျွန်တွန်ရှက်ခ်က ရွေးချယ်ထားသည်။

မန်စီးတီးတိုက်စစ်မှူး ဘယ်လာမီနှင့်ဝက်စ်ဟမ်းဗဟိုခံစစ်မှူး ကောလင်းတို့သည် လောလောဆယ်တွင် ဒူးဒဏ်ရာနှင့် တံကောက်ကြောဒဏ်ရာများ အသီးသီးရရှိကာ အနားယူနေရသူများ ဖြစ်ကြသည်။ (အင်တာနက်)

အင်ဒီးယန်းဝဲလ်စ် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ၌ ဂျန်ကိုဗစ်ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခဲ့ရ

လန်ဒန် မတ် ၁၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်ဒေသ၌ ကျင်းပသော ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲတွင် ယခင်ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း ဂျီလီနာဂျန်ကိုဗစ်**(ယာပုံ)**သည် ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲ၌ အံ့သြဖွယ် ရှုံးပွဲကြုံကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဆားဗီးယားအဆင့်(၂)ရှိ တင်းနစ်မယ် ဂျန်ကိုဗစ်သည် အကောင်းဆုံးလက်စွမ်းပြကစားခဲ့သော်လည်း အသက် ၁၇နှစ် အရွယ်ရှိ နက်စ်တာဆီယာပက်ဗ်လူချင်ကိုဗာအား ၆-၄၊ ၆-၄ ဖြင့် ရှုံးနိမ့်ခဲ့သည်။ အခြားပွဲအံ့အားသင့်ဖွယ် ပွဲစဉ်တစ်ခုမှာ လက်ရည်စစ်ပွဲအောင်ခါစ တင်းနစ်မယ် ပီထရာဆက်ကိုဗ်စကာက ကမ္ဘာ့အဆင့်(၃)ရှိ တင်းနစ်မယ် အီလီနာဒီမင်တီဗာအား ၇-၆(၇-၂)၊ ၂-၆၊ ၆-၁ ဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်ဖြစ်သည်။

ကမ္ဘာ့အဆင့်(၅)တင်းနစ်မယ် အန်နာအီဗန်နိုဗစ်ကမူ ၎င်း၏ တင်းနစ်သရဖူကာကွယ်ပွဲ ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအောင်ခါစ ဘီလာရုစ်တင်းနစ်မယ် အနက်စ်တာဆီယာယာကီမိုဗာအား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်သွားခဲ့သည်။

(အင်တာနက်)

ဗြိတိသျှလက်ဝှေ့ကျော် နစ်ကီကွတ်ခ် မာတီနက်ဇ်အားရှုံးနိမ့်၍ သရဖူလက်လွှတ်ခဲ့ရ

လန်ဒန် မတ် ၁၈

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် မတ်၁၄ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ဒဗလျူဘီအို စူပါဖယ်သာဝိတ် သရဖူကာကွယ်ပွဲ၌ ဗြိတိသျှလက်ဝှေ့ကျော် နစ်ကီကွတ်ခ်သည် ပြိုင်ဘက် ရိုမန်မာတီနက်ဇ်အား စတုတ္ထအချီတွင် ရှုံးနိမ့်ကာ ၎င်း၏ ဒဗလျူဘီအိုစူပါဖယ်သာဝိတ်သရဖူကို လက်လွှတ်ခဲ့ရသည်။

အသက် ၂၉နှစ်ရှိ ကွတ်ခ်သည် ပွဲဦးတွင် အလားအလာကောင်းဖြင့်စတင်ခဲ့ပြီး ပြိုင်ဘက် ပွာတိုရီကိုလက်ဝှေ့သမား မာတီနက်ဇ်အား ဒုတိယအချီ၌ လဲကျလုနီးပါး ထိုးသတ်နိုင်ခဲ့သည်။

သို့သော်လည်း ရှုံးပွဲမရှိ မာတီနက်ဇ်၏ ပင့်လက်သီးကြောင့် စတုတ္ထအချီတွင် ကွတ်ခ် လဲကျသွားခဲ့သည်။ ရှမ်ဖိုဒ်လက်ဝှေ့ကျော် ကွတ်ခ်သည် ပြန်လည်ရပ်တည်နိုင်ရန် ကြိုးစားပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း မာတီနက်ဇ်၏ အဆက်မပြတ် ထိုးနှက်ခဲ့မှုကြောင့် အရှုံးပေးခဲ့ရသည်။

(အင်တာနက်)

ချစ်စိုးနိုင်
စုစည်းတင်ပြသည်

မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်အောင်-မေမေ ဒေါ်သက်သက်မွန်တို့၏ သား ရွှေဥမျက်ရှုကြေးမုံ မောင်စွမ်းထက်အောင်၏ ၁၉-၃-၂၀၀၉ ရက်တွင် ကျရောက်သည့် (၇)နှစ်ပြည့် မွေးနေ့မှသည် သက်ရာကျော်တိုင် ပျော်ရွှင်ကျန်းမာ ဘေးရန်ကွာ၍ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝစွာဖြင့် မိဘကျေးဇူး အထူးသိတတ်သော မြင့်မြတ်သည့် သားကောင်းရတနာဖြစ်ပါစေ-

ဘွားဘွား၊ ဦးဦး၊ တီတီ၊ ကိုကို၊ မမများ။

အမည်ပြောင်း

လားရှိုးမြို့ ဒုတိယဗိုလ်မှူးကြီးလွင်ဦး-ဒေါ်ခင်ခင်ထွေးတို့၏သား မောင်သူရထူးကိုကိုအား ယနေ့မှစ၍ မောင်သူရထူးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရထူး။





မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ
ဦးအောင်မြင့် (A.M. Special ကားပစ္စည်းထုတ်ကုန်လုပ်ငန်း)-ဒေါ်လှမြင့်တို့၏သား

မောင်ဝေဠု

Master Mariner U.K (HND Nautical Science) နှင့်
ရန်ကုန်မြို့၊ အရှေ့ရန်ကင်းနေ
(ဦးဘိုကြည်၊ဒုတိယညွှန်ကြားရေးမှူး၊ငြိမ်း၊သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်မြမြဝင်းတို့၏သမီး

မခင်ချောစုဝင်း

B.Sc(Hons), Physics, B.Sc (Hons), Applied in Accounting
(Oxford Brookes University U.K)
D.A(LCCI)ACCA(Professional Level)

တို့၏ ၈-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (မင်းတုန်းခန်းမ)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်ဇင်ဇင်မာအားလည်းကောင်း၊ ပြည်ကြီးစံဆောက်လုပ်ရေးကုမ္ပဏီ Managing Director ဦးအောင်သန့်ဇင်နှင့် ဇနီး ဒေါ်ဇင်မာဟန်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော Space Light ကုမ္ပဏီ Managing Director ဦးသက်ထွေးအောင်နှင့် ဇနီး ဒေါ်ရွှေစင်ဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ ၁၅-၃-၂၀၀၉ ရက် (တနင်္ဂနွေနေ့) တိပိဋကရွှေကျောင်းတော်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာ ဝတ်စုံဖန်တီးပေးသော မမိုး (Silk & Style)၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မေတ္တာဖြင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ကိုသိန်းကျော် (မြဝတီရုပ်/သံ)၊ ပန်းအလှဆင် မစန်းစန်းဦး၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝေဠု-မခင်ချောစုဝင်း။

နှစ်နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး မဘုန်းသျှင်သန့်ကျော် (Jenny)၏ ၁၈-၃-၂၀၀၉ ရက်တွင် ကျရောက်သော နှစ်နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင် အေးချမ်းသာယာသော ဘဝပန်းတိုင်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော ဘိုးဘိုး	- ဦးအောင်လွင်၊ ဦးမျိုးမြင့်အောင်
ဘွားဘွား	- ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်မြင့်မြင့်ဝေ
ဘွားဘွားလေး	- ဒေါ်မြင့်မြင့်ဆွေ
ဒယ်ဒီ	- ဒေါက်တာဖြိုးသီဟကျော်
မာမီ	- ဒေါက်တာသန့်သန့်ဇော်
လေးလေး	- ဗိုလ်ကြီးမျိုးမြင့်ဟန်
တီတီ	- ဘုတ်၊ စု၊ သဲ။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးထင်အောင်ကျော် ပိုင် ၅ခ/ ၄၆၆၈၏ အခွန်ပုံစံ (၁) အစိမ်းရောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၀၃၆၇၀၃။

အမည်ပြောင်း

အဖ ဦးခင်မောင်ဦး ၁၂/စခန (နိုင်) ၀၅၄၄၇၆၏ သမီး မနေချီသွေးအား ယနေ့မှစ၍ မနေခြည်သွေးဟု ခေါ်ပါရန်။

မနေခြည်သွေး။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မခင်သန်းလွင် ၈/မမန(နိုင်)၁၅၃၁၂၃ ကိုင်ဆောင်သူ (ဘ)ဦးအေးချို၏ သမီးသည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ)တာဝန်မယူပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးအောင်ငွေ ၉/မထလ(နိုင်)၀၉၇၂၉၀။**



ကျေးဇူးဆပ်ပါမည်

ကျွန်မ မသည်းဝါမြင့်၏ နိုင်ငံကူးလက်မှတ် အမှတ်-၉၂၈၂၈၄သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁-၅၂၄၀၁။

ဦးအက်(စ်)အမ်အဘတ်(စ်) ISN-၀၅၀၃၅၀ နှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ကွင်းအမှတ် ၂၄၊ ဦးပိုင်အမှတ်(၉) မြေချိန်ဧရိယာ၁၃ဒသမ၂၄၂ဧကမြေနှင့်ပတ်သက်၍ ဦးအက်(စ်)အမ်အဘတ်(စ်)မှ ကျွန်မသို့ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၇၄၉/၂၀-၁-၉၇ ရက်က တစ်ကြိမ်၊ မော်ဘီမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် B VI ၁၈၁/၉-၉-၂၀၀၄ရက် က တစ်ကြိမ်ပြန်လည်ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ပြီးဖြစ်သောကြောင့် ၁၅-၃-၂၀၀၉ ရက် ကြေးမုံသတင်းစာ ကြော်ငြာပါ ဦးအက်(စ်)အမ်အဘတ်(စ်)၏ကြေညာချက်မှာ တရားမဝင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်ဂျာဘူး ၁၂/ဒဂန(နိုင်)၀၁၃၅၈၇
အခန်း ၈၀၁၊ ရွှေသံလွင်ကွန်ဒို
ဗဟန်းမြို့နယ်။

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၉ ရက် (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**စက္ကူပါလ မထေရ်အကြောင်း** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယ)
၈း၁၀-၂း၁၀	သီးနှံတို့၏အရင်းအမြစ် 'ရေ'
၈း၃၀-၂း၃၀	အနုပညာမိုးကောင်းကင်
၈း၅၅-၂း၅၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ်းရော်ဘာဆီသို့
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၅၀-၃း၅၀	Activities in the City (သီဟရတနာစာပေတိုက် ဖွင့်ပွဲအခမ်းအနား)
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (New Campus Pre School)
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	**အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ၄က်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	Yangon Panorama (Vatika ခေါင်းလိမ်းဆီ မိတ်ဆက်ပွဲ)
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၂း၀၀-၆း၀၀	စားချင်စဖွယ်နည်း အသွယ်သွယ် (ဟော့ပေါ့ချက်ပြုတ်နည်း)
၁၂း၂၀-၆း၂၀	Music Talk တေးသစ်တေးဟောင်း အကြောင်းအစုံစုံ (ဝိစိတြ)
၁၂း၃၅-၆း၃၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှုခင်းသတင်း — ကားအရှိန်လွန် ဓာတ်တိုင်ဝင်တိုက် တိမ်းမှောက်

ရန်ကုန် မတ် ၁၈

ယနေ့နံနက် ၃ နာရီ ၅မိနစ်တွင် အင်းစိန်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ကျော်စွာထွန်း အသက်(၃၅)နှစ် (ဘ)ဦးကျော် မောင်းနှင်သော (ထ/၄၃၇) ရန်ကုန်-ကျိုက်ထို ဟိုင်းလပ်အဖြူရောင်ကားသည် လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း စန္ဒာမြိုင် ရုပ်ရှင်ရုံရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်မှ ဓာတ်မီးတိုင်ဝင်တိုက်မိပြီး ကားတိမ်းမှောက်ခဲ့သည်။

သေဆုံး

ကားတိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် လင်းလင်း အသက်(၂၃)နှစ် (ဘ)ဦးမောင်မောင်မှာ ကားအောက်၌ပိ၍ သေဆုံးသွားပြီး ကျန်ခရီးသည် မနှစ်ဦး၊ ကျားနှစ်ဦးနှင့်အတူ ယာဉ်မောင်းကျော်စွာထွန်းတို့အား ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ခဲ့ပြီး ယာဉ်မောင်းအား အတွင်းလူနာအဖြစ် တင်ထားရသည်။

စစ်ဆေးဆောင်ရွက်

အဆိုပါ ယာဉ်တိမ်းမှောက်ရာသို့ နယ်မြေ(၃) ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မြင့်နိုင်နှင့်အဖွဲ့ လာရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၂၈)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ်တိုးတက်ရေးရည်သန်လျက် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Continuing Professional Development Forum)ကို မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)တွင် မတ် ၂၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှုစာတမ်းများဖတ်ကြားဆွေးနွေးခြင်းနှင့် အထူးကုသမားတော်ကြီးတစ်ဦးအား တွေ့ဆုံခြင်းအစီအစဉ်တွင် "Q & A on Common Childhood Infections in General Family Practice"တို့ ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသောဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ ဆက်လက်မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ သာယာဝတီမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခရမ်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရေးမြို့နှင့် ဘီးလင်းမြို့တွင် ၀ ဒသမ ၅၅ လက်မစီ၊ ကိုကိုးကျွန်း မြို့တွင် ၀ဒသမ၃၅ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၁၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၁၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း၄၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပုသိမ်ကြီးမြို့နယ် ကျောက်မီး အထက အောင်မင်္ဂလာကျောင်းဆောင်သစ်ဖွင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

မန္တလေး မတ် ၁၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် မတ် ၂ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ကျောက်မီးအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော အောင်မင်္ဂလာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာအချိန်ကျသော နံနက် ၈ နာရီတွင် အောင်မင်္ဂလာကျောင်းဆောင်သစ်ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်း ဇော်ဟန်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် ကျောင်းဆောင်အလှူရှင် ဦးထွန်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ထူးချွန်ကျောင်းသူတစ်ဦးက ကျောင်းတည်ဆောက်မှုမှတ်တမ်းကျောက်စာကို ဖဲကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး မြို့တော်ဝန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလှူရှင်နှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင် ဦးထွန်းဝေက စေတနာရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းဖွင့်လှစ်သောအောင်မင်္ဂလာကျောင်းဆောင်သစ်သည် အလျား ပေ၁၀၀၊ အနံ ပေ၃၀၊ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စာသင်ခုံများအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၆၀၀ ကျော် စိုက်ထုတ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ (၁၁၃)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲ မိုးညှင်း၌ကျင်းပ

မိုးညှင်း မတ် ၆

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မြေစာရင်းဦးစီးဌာန ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၈ရက်က မိုးညှင်းမြို့နယ် မြေစာရင်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနောင်က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအခြေအနေ၊ တောင်သူလယ်သမား အိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေ၊ လယ်ယာလုပ်သားနှင့် မွေးမြူရေးလုပ်သားအခြေအနေ၊ GDPတိုးတက်မှုအခြေအနေ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးစောနိုင်နှင့် ခရိုင်မြေစာရင်း ဒုတိယဦးစီးမှူး ဦးမြတ်ကျော်တို့က စာရင်းကောက်ယူရမည့် စာရင်းပုံစံနှင့်မြေပုံကြမ်းရေးဆွဲမှုတို့ကို သင်တန်းပို့ချကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်မဲမြို့နယ် အမှတ်(၉)ရပ်ကွက် ရွက်လှလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးခင်မောင်လေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် အမှတ်(၉) ရပ်ကွက်ဥက္ကဋ္ဌဦးဇော်တင်အောင်တို့ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(စာပေနှင့်စာနယ်ဇင်း)

သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့မအရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများစုပေါင်း၍ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး သရုပ်ပြပွဲပြုလုပ် ဖေဖော်ဝါရီ ၁၉ ရက်က အမှုဆောင်အရာရှိဦးကြည်စိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်းနှင့် မြို့မအရန်မီးသတ်တပ်ဖွဲ့မှ ဦးကြည်ဝင်းတို့ ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘုရင့်နောင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စံ(၅)ချက်နှင့်ကိုက်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ သာယာဝတီတွင် ကျင်းပ

သာယာဝတီ မတ် ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ မတ်၁၃ရက် နံနက် ၁၀နာရီက စံ(၅)ချက်နှင့်ကိုက်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်၊ သာယာဝတီခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ခိုင်မာစာကြည့်တိုက်များ လျာထားချက်နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်များ လျာထားချက်နှင့်အညီ ပြီးစီးရေး၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာတစ်စောင် မဖြစ်မနေရောက်ရှိရေးအတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရေး၊ ရုံးလုပ်ငန်းများ စနစ်တကျရှိရေး ဆွေးနွေးမှာကြားပြီး မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကာ ခရိုင်ဦးစီးအရာရှိက ဖြည့်စွက်ဆွေးနွေးတင်ပြ၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်သုံးသပ် ဆွေးနွေးကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

မြို့နယ် သတင်းများ

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

မိုးမောက် မတ် ၈

မိုးမောက်မြို့နယ်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌဦးမင်းစိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ၆၄ဦး တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီး၌ ကျေးလက်စက်ရေတွင်းသစ်ဖွင့်

တောင်တွင်းကြီး မတ် ၁၂

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွင့်လှကြီးအုပ်စု ထန်းပင်စုကျေးရွာ ကျေးလက်စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါစက်ရေတွင်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓါတ်ပုံ)

အဆိုပါ ထန်းပင်စုကျေးရွာ စက်ရေတွင်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်ကျငွေကျပ် ၂၅၉၈၅၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော လမ်းသစ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း: အဒေါ်ဖြစ်သူကိုသတ်၍ ရွှေငွေပစ္စည်းများလုယက်မှု ဒေးဒရဲမြို့နယ် ကံချောင်ကျေးရွာ၌ ဖြစ်ပွား

ဒေးဒရဲ မတ် ၁၆

အဒေါ်ဖြစ်သူကို တူမ၏ ခင်ပွန်းက ဓားဖြင့်ခုတ်၍ ရွှေငွေပစ္စည်းများ လုယက်သွားမှုတစ်ရပ်ဒေးဒရဲမြို့နယ်ကံချောင်ကျေးရွာတွင် ဇန်နဝါရီ ၁၃ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဖျာပုံမြို့နယ် ဘုရားကြီးကုန်းကျေးရွာတွင် နေထိုင်သော မလှမင်းသူမိသားစုသည် လွန်ခဲ့သော ရှစ်ရက်ခန့်က ဒေးဒရဲမြို့နယ် ကံချောင်ကျေးရွာလယ်ထဲမှ စပါးများအားရိတ်သိမ်းရန် မိခင်ဒေါ်လှဟန်၊ အစ်မ မအေးအေးသင်း၊ အစ်ကို ဦးအောင်ကျော်မိုးတို့နှင့်အတူ ကံချောင်ကွင်းထဲရှိ လယ်တဲတွင် ခေတ္တလာရောက် နေထိုင်ကြသည်။ ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁ နာရီခန့်တွင် အစ်ကိုဖြစ်သူ ကိုအောင်ကျော်မိုးက ကဒါကျေးရွာသို့ သွားရောက်နေသဖြင့် ထိုညက တဲထဲတွင် မိန်းမသားသုံးဦး အိပ်ပျော်နေစဉ် ဇန်နဝါရီ ၁၃ ရက် နံနက် ၂ နာရီခန့်၌ အစ်မဖြစ်သူ မအေးအေးသင်း၏ အော်သံကြားရ၍ မလှမင်းသူနှင့် မိခင်ဖြစ်သူ ဒေါ်လှဟန်တို့ လန့်နိုးကြပြီး ကြည့်ရာ အမည်မသိ မျက်နှာ အဝတ်စည်းထားသော လူတစ်ဦးက ဓားဖြင့် ခုတ်ပြီးနောက် မိခင်ဒေါ်လှဟန်အား ဓားဖြင့် ဆက်ခုတ်နေစဉ်မလှမင်းသူက ထိုလူအားဝင်ရောက်လုံးပြီး ဝဲဘက်ပေါင်အား သွားဖြင့်ကိုက်စဉ် မလှမင်းသူကိုပါ ဓားဖြင့်ဆက်ခုတ်သဖြင့် ဦးခေါင်း၊ နဖူး၊ ယာလက်တို့တွင် ဒဏ်ရာများရရှိကြ၍ သုံးဦးစလုံးလဲကျနေစဉ် မိခင်၏ အင်္ကျီအိတ်အတွင်းမှ ငွေကျပ်တစ်သိန်းနှင့် မိခင်၏ ရွှေနားကပ်တစ်ရန်၊ မလှမင်းသူ၏ ရွှေနားကွင်းတစ်ရန်တို့အား ဖြုတ်ယူ ဆင်းပြေးသွားသည်။ ထို့နောက် တဲနီးချင်းနေသူတို့အား အကူအညီတောင်းပြီး ဖျာပုံရဲစခန်းမှ ဆေးစာ ယူ၍ ဖျာပုံဆေးရုံသို့ ပို့ဆောင်စဉ် မိခင် ဖြစ်သူ ဒေါ်လှဟန်သေဆုံးသွားသည်။

ဖျာပုံခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဇော်ထိုက်၊ နောက်ပြန်တိုးရဲစခန်းမှ စခန်းမှူးရဲအုပ်လှထူး၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ညီညီလွင်နှင့် အဖွဲ့တို့ပူးပေါင်း၍ တရားခံ ဖမ်းဆီးရမိရေးအတွက် လှုပ်ရှားဆောင်ရွက်ခဲ့ကြရာ ဒေါ်လှဟန်၏တူမတော်သူ မရင်ရင်အေး၏အစစ်ခံချက်အရ တရားခံမှာ ၎င်း၏ ခင်ပွန်းဝင်းခိုင် (၃၁နှစ်)ဖြစ်ကြောင်း၊ ဝင်းခိုင်ထားရစ်ခဲ့သော သေဆုံးသူ ဒေါ်လှဟန်၏ နားကပ်တစ်ရန်နှင့် မလှမင်းသူ၏ နားကွင်းတစ်ရန်တို့အား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ စုံစမ်းရာ မငေးကြီးကျေးရွာရပ်ကွက်ဥက္ကဋ္ဌဦးမြင့်ဦးနှင့် အဖွဲ့၏ ကူညီမှုဖြင့် တရားခံဝင်းခိုင်ကို ဒေးဒရဲမြို့နယ် နောက်ပြန်တိုးစခန်းပိုင် ကဒါကျေးရွာတွင် ဖမ်းဆီးရမိကြောင်း သိရသည်။ (၁၃၈)

SUPER ONE Shopping Centre
(၁) Dancer
(၁) Customer
Lucky Draw
၁၀၀၀၀၀ိ/-ကျပ် x 5 ဆု
၅၀၀၀၀ိ/-ကျပ် x 10 ဆု
၂၀၀၀၀ိ/-ကျပ် x 10 ဆု
၁၀၀၀၀ိ/-ကျပ် x 10 ဆု
Lucky Draw

Golden Hope 200276, 703220

SAVE YOUR MONEY @ MCC
BUSINESS DTP & GRAPHIC COURSE
Marketing
DTP နှင့် Graphic Design
Tel : 382981, 245762, 245758

Yan Aung

Time
Global English -9000/

EXCELLENT

ဆံပင်ကျန်းမာရေးခေါင်းလျှော်ရည်
101
101 PROOF SHAMPOO ကို သုံးပါ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၇၁၄၃ Toyota Publica P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ဖြူ ၁၂/တမန(နိုင်)၀၅၅၇၄၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (အရှေ့ပိုင်းခရိုင်ရုံး)၊
ရန်ကုန်မြို့။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက် ရေပေးရေး စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကျေးရွာပေါင်း ၁၀၁ ရွာတွင် ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၀ရက်က ကျေးရွာသူ ကျေးရွာသားများ၏ ရေစနစ်တကျ ခပ်ယူသုံးစွဲမှုကို ကျေးလက်ရေပေးရေး တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးညီညီသန့် ကွင်းဆင်းစစ်ဆေးစဉ်။ (၀၈၆)

ကျိုက်ထို ပြည်သူ့ဈေး၌ မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်

ကျိုက်ထို မတ် ၁၄

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေးဓာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၂ရက်က ကျိုက်ထိုမြို့ ပြည်သူ့ဈေး၌ ကျင်းပသည်။

မီးငြိမ်းသတ်ရေး ဓာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ အပေါ့စားမီးသတ်စက်နှစ်လုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးနှင့် အပေါ့စားစက်တစ်လုံးတို့ကို အသုံးပြု၍ ဈေးအတွင်းနေရာယူ မီးငြိမ်းသတ်ခြင်း၊ ရေအဆက်မပြတ်ရရှိရေးအတွက် မီးသတ်ယာဉ်၊ စက်တစ်စီးနှင့်တစ်စီး ချိတ်ဆက်အသုံးပြုခြင်းတို့ကို လက်တွေ့လေ့ကျင့်ပြသရာ မွန်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်းဖြန့်ဖြူးရေး ပြည်နယ်မန်နေဂျာနှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မင်းဘူးခရိုင်ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပွင့်ဖြူမြို့အရှေ့ပိုင်းရပ်ကွက် သရဖီလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဋ္ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကလောမြို့ အမှတ်(၁)ရပ်ကွက် ရွှေတောင်ကြား(၁) လမ်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို မတ် ၅ရက်က ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဖြင့် ရှင်းလင်းဆယ်ယူလျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြို့နယ်အဆင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးဟန်မြင့်က မြို့နယ်အဆင့် ဘက်စုံပညာရည်ချွန် တတိယဆုနှင့် မစ်ဆူဘီရှီပန်းချီဆုရ အမက (၁၈)မှ မောင်အောင်ခန့်မောင်မောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ကော့ကရိတ် မတ် ၁၀

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းသည် ဖေဖော်ဝါရီ ၂၅ရက်က ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု လှိုင်ဝကျေးရွာ၊ ရေပူကြီးကျေးရွာအုပ်စု ရေပူကြီးကျေးရွာနှင့် ငါးတိုင်ကျေးရွာများသို့ သွားရောက်၍ စာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့် တွေ့ဆုံ၍ ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

စာမျက်နှာ ၄ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိ

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ လည်းကောင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန်

စာမျက်နှာ ၆ ကော်လံ ၁ ●



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီစတာနာမာဒေးကား သမ္မတနန်းတော်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး

လေးနာရီဖြင့် ခရီးပေါက်မည့် ရန်ကုန် - နေပြည်တော်လမ်းပိုင်း မကြာမီဖွင့်လှစ်တော့မည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၈

(ယမန်နေ့မှအဆက်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)ဖြစ်သော ရန်ကုန်- နေပြည်တော်လမ်းပိုင်းကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ရာ အမြန်လမ်းမကြီးနှင့်စပ်ဆိုင်သော အကြောင်းအချက်အလက်များနှင့် အမြန်လမ်းမကြီးကို တာဝန်ယူဖောက်လုပ်လျက်ရှိကြသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ တာဝန်ရှိသူများအား လုပ်ငန်းခွင်သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ဆက်လက်ဖော်ပြလိုက်ရပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူရသော လမ်းပိုင်းများ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို တာဝန်ယူကြီးကြပ်ရသူ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)

စာမျက်နှာ ၁၀ ကော်လံ ၁ *